# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ မြန်မာ့စီးပွားရေး Forum အစည်းအဝေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ သွားဆေးကု။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ပြည်ပခရီးစဉ်။ ဒေါက်တာ စိုးထွန်း၊ မန္တလေး(၁)၊ ဆေးကုသမှုခံ။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးညွှန့်လှိုင်၊ ဧရာဝတီ (၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ မိခင်ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ MICC တွင် Forum တက်ရောက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆားရယ်၊ ကယား(၆)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဌေးရယ်၊ ကယား(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ နယ်မြေဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ သင်တန်း။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းဇော်(ခ) ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ နေမကောင်း။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်

ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှု အစည်းအဝေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၇)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာဥပဒေကြမ်း အား ပြည်သူ့ လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က သတင်းမီဒီယာ ဥပဒေကြမ်းကို ၃၀-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော် သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့ထားသော သတင်းမီဒီယာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့်

ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၂။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ရေးဆွဲခဲ့တဲ့ သတင်းမီဒီယာဥပဒေဟာ ကျွန်တော် အမျိုးသားလွှတ်တော်မှာ ကိုယ်စား တင်သွင်းခဲ့တဲ့ဟာ ဒီနေ့အချိန်မှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ဖြစ်ပါတယ်။ ဒီလို လွှတ်တော်နှစ်ရပ်က အတည်ပြုတဲ့အတွက် ကွဲလွဲချက်များ ပေါ်ပေါက်လာခဲ့ပါတယ်။ ဤကွဲလွဲချက်များ အနက်(၄)ချက်ကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဤ(၄)ချက်ကလည်း အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အချက်များသာ ဖြစ်ပါတယ်။

ပထမဦးဆုံး ဆွေးနွေးမယ့်အချက်ကတော့ ပုဒ်မ ၁၂ ပါ။ ပုဒ်မ ၁၂ မှာ မူလပြဋ္ဌာန်းချက်သည် ကောင်စီသည် သတင်းမီဒီယာသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်၊ ရေးဆွဲထားပါတယ်။ ဒါကို အမျိုးသားလွှတ်တော်က ပြင်ဆင်တဲ့အခါမှာ ကောင်စီသည် စာနယ်ဇင်းသမားများ နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်သည်လို့ ပြင်ဆင်အတည်ပြုခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကတော့ကောင်စီသည် သတင်းမီဒီယာသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဒီကွဲလွဲချက်သည် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ ကွဲလွဲချက်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်က မူလရေးဆွဲတဲ့ ပြဋ္ဌာန်းချက်နဲ့သာ လိုက်လျောညီထွေ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုသာ အတည်ပြုသင့်ကြောင်း အကြံပြုတင်ပြ အပ်ပါတယ် ခင်ဗျား။

ဒုတိယပုဒ်မ အနေနဲ့ကတော့ ပုဒ်မ ၁၉(က)ပါ။ ပုဒ်မ ၁၉ ရဲ့ မူလပြဋ္ဌာန်းချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် တောင်းခံမှုအရ ပြည်ထောင်စု လွှတ်တော်က နှစ်စဉ်ခွဲဝေပေးသော ဘတ်ဂျက်ရန်ပုံငွေကို မူလရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဒီမူလပြဋ္ဌာန်းချက်အတိုင်းပဲ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီပုဒ်မ ၁၉(က) ကိုလည်း မူလပြဋ္ဌာန်းချက်အတိုင်းအတည်ပြုထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုပြဋ္ဌာန်းချက် အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုအပ်ပါတယ်ခင်ဗျား။

တတိယပုဒ်မကတော့ ပုဒ်မ ၃၂ ပါ။ ပုဒ်မ ၃၂ မှာ မူလပြဋ္ဌာန်းချက်မှာ ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့် အရေးယူခံရသော သတင်းစာ၊ ဂျာနယ်၊ စာစောင်စသည့် မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဟု ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဤမူလပြဋ္ဌာန်းချက်အတိုင်းပဲ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ဒီအချက်ကို

ပြည်သူ့လွှတ်တော်က ပယ်ဖျက်လိုက်ပါတယ်။ ဒီပုဒ်မဟာဆိုလို့ရှိရင် မူလရေးဆွဲသူများက ဥပဒေပညာရှင်များ၏ အကြံပြုချက်အရ ထည့်သွင်းထားခြင်းဖြစ်တယ်လို့ တင်ပြထားပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း၊ အမျိုးသားလွှတ်တော်မှ အတည်ပြုထားတဲ့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ အတည်ပြုသင့်ပါကြောင်း အကြံပြုအပ်ပါတယ် ခင်ဗျား။

စတုတ္ထပုဒ်မကတော့ ပုဒ်မ ၃၃(ခ)ပါ။ ပုဒ်မ ၃၃(ခ) မှာ မူလ ပြဋ္ဌာန်းချက်က ၃၃(ခ)၊ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ၊ ရှေ့ရပ်ဖြင့်ဖြစ်စေ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားထွက်ဆိုနိုင်သည်ဟု ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို မူလပြဋ္ဌာန်းချက်အတိုင်းပဲ အမျိုးသားလွှတ်တော်ကအတည်ပြုလိုက်ပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုတဲ့အခါမှာ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက တရားရုံးသို့ တိုက်ရိုက်လျှောက်ထား ထွက်ဆိုနိုင်သည်ဟု ပြင်ဆင်အတည်ပြုလိုက်ပါတယ်။ ဒီဥပဒေဟာ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ဥပဒေနဲ့သာအညီ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် ဒီပုဒ်မ ၃၃ ဟာ မူလ ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းအတည်ပြုသင့်ပါကြောင်း အကြံပြုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြား အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၉)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့ရင်းနဲ့ ကျွန်မဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ တင်သွင်းထားတဲ့ အဆိုကို ကျွန်မက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ အခု မြန်မာနိုင်ငံဟာဆိုလို့ရှိရင် ဒီမိုကရေစီနိုင်ငံတော်အသစ်ကို အုတ်မြစ်ချပြီး ဆောက်ပြီးတဲ့အခါကျတော့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီးသွားနေတဲ့အချိန်မှာ ကျွန်မတို့ဟာ ကမ္ဘာမှာရော၊ အာဆီယံမှာရော၊ မြန်မာမှာရော အားလုံးစည်းစည်းလုံးလုံးနဲ့ပူးပေါင်းပြီး ဆောင်ရွက်တဲ့အခါမှာ စည်းလုံးညီညာအောင်ကြောင်းဖြာ၊ နောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုကို ပိုမိုပြီးတော့ ထိရောက်စွာ အချိန်တိုအတွင်းမှာ ရရှိနိုင်တာ ဖြစ်တဲ့အတွက် အားလုံးဟာ အလွှာပေါင်းစုံ သူ့ကဏ္ဍတွေနဲ့သူ တိုင်ပင်ဆွေးနွေးပြီးတော့ ဆောင်ရွက်နေကြတဲ့အချိန် ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင်လည်း ကျွန်မတို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲမှာ နိုင်ငံသားဆိုတဲ့အခါမှာ အဲဒီနိုင်ငံသားရဲ့အောက်မှာ နိုင်ငံသားဆိုတဲ့ စကားရပ်နဲ့ အဓိပ္ပာယ်ရဲ့ အောက်မှာ ကျွန်မတို့ အားလုံး ပါ ပါတယ်။ ဒီလူငယ်တွေကလည်း နိုင်ငံသားဆိုတဲ့အထဲမှာ ပါတာဖြစ်တဲ့ အတွက် ဖွံ့ဖြိုးတိုးတက် ပြီးတော့ သာယာတဲ့နိုင်ငံတော်ကြီး ဖြစ်ဖို့အတွက် နိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ် ဆိုလို့ရှိရင် ဒီလူငယ်တွေမှာလည်း တာဝန်ရှိတာ ဖြစ်ပါတယ်။ နောက်တစ်ခါကျတော့ ကျွန်မတို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၀ မှာ ဆိုလို့ရှိရင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံသားအားလုံးဟာ နိုင်ငံတော်ကို ကူညီဖို့ တာဝန်ရှိတယ်လို့ ဆိုထားပါတယ်။

နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ မှာဆိုလို့ရှိရင်လည်း လူငယ်တွေကို စိတ်ပိုင်း၊ ရုပ်ပိုင်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဗလ(၅)တန် ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်က ဆောင်ရွက်ပေးရမယ်လို့ အဲဒီလို ပါ ပါတယ်။ အဲဒီတော့ ကျွန်မတို့က ဒီလူငယ်တွေနဲ့ ပတ်သက်ပြီးတော့ အခုအချိန်မှာ အလေးအနက်ထားပြီးတော့ အခါတိုင်းအချိန်ထက်ပိုပြီးတော့ အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပေးရမယ့် အချိန်အခါ၊ အခြေအနေလို့ ကျွန်မကဆွေးနွေးတင်ပြလိုပါတယ်။ အခု ကျွန်မတို့ နိုင်ငံဟာ အာဆီယံဥက္ကဋ္ဌရဲ့ တာဝန်ယူဆောင်ရွက်ရမယ့်အချိန်ကို ရောက်လာတာဖြစ်တဲ့အခါမှာ မြောက်မြားစွာသော Forum များ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်မတို့ လူငယ်တွေဟာလည်း လူငယ် Forum၊ အာဆီယံလူငယ် Forum တွေ နိုင်ငံတိုင်းမှာလုပ်သွားပြီးတဲ့၊ ဆောင်ရွက်သွားပြီးတဲ့အခါမှာလည်း ဆောင်ရွက်ခဲ့ကြပြီးတာ ရှိသလို ကျွန်မတို့နိုင်ငံမှာလည်း ဒါကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီအခါကျလို့ရှိရင် ကျွန်မတို့က လူငယ်တွေဟာလည်း လူငယ်အသီးသီး သူတို့ရဲ့ လက်ရှိအခြေအနေတွေ၊ နောက်လာမယ့် အနာဂတ် မျှော်လင့်ချက်တွေ၊ လက်ရှိ လိုအပ်နေတဲ့အရာတွေကို သူတို့ တင်ပြကြ၊ ဆွေးနွေးကြမှာ ဖြစ်တဲ့အခါမှာ အခြားနိုင်ငံတွေမှာတော့ အဖွဲ့အစည်းတွေ ဖွဲ့ပြီးတော့၊ တချို့နိုင်ငံတွေမှာလည်း လူငယ်နဲ့ပတ်သက်တဲ့

ဥပဒေတွေ ပြဋ္ဌာန်းထားပြီးတော့ လူငယ်တွေရဲ့ လုပ်ပိုင်ခွင့်တွေ၊ ရပိုင်ခွင့်တွေ၊ တားမြစ်ချက်တွေ စသည် ဖြင့် ပြဋ္ဌာန်းထားတာတွေ ရှိသော်ငြားလည်းပဲ ကျွန်မတို့မြန်မာနိုင်ငံမှာတော့ အဲဒါတွေလည်း မရှိဘူး။ မရှိသေးဘူး။ Child Law ရှိတယ်။ ကျွန်မတို့ ကလေးသူငယ်နဲ့ ပတ်သက်တဲ့ ဥပဒေရှိတယ်။ အမျိုးသမီးနဲ့ ပတ်သက်တဲ့ဥပဒေရှိတယ်။ လယ်သမား၊ အလုပ်သမားနဲ့ပတ်သက်တဲ့ ဥပဒေရှိတယ်။ အလွှာအတော်တော် များများမှာ ဥပဒေတွေဟာ ပြဋ္ဌာန်းထားပြီးသားရှိသော်လည်းပဲ လူငယ်တွေအတွက်ကတော့ တစ်စုံတစ်ရာ အလေးအနက်ထားပြီးတော့ ပြဋ္ဌာန်းထားတာလည်း မရှိသေးဘူး။ နောက်တစ်ခါ အခုလို နိုင်ငံတော်က နေပြီးတော့ အင်အားတစ်ခု လူငယ်ထုအတွက် သီးသန့်စုစည်းပြီးတော့ ဆောင်ရွက်ထားတဲ့ အဖွဲ့အစည်း လည်း ကျွန်မတို့ ဒီမှာ ဖွဲ့စည်းထားခြင်း မရှိသေးတာကို တွေ့ရပါတယ်။

အဲဒီတော့ အခု လူငယ်တွေကို လေ့လာကြည့်လိုက်တဲ့အခါမှာ လူငယ်တွေဟာ နိုးနိုးကြားကြား၊ တက်တက်ကြွကြွနဲ့ အခု ၂၀၁၀ ခုနှစ်ရဲ့ နောက်ပိုင်းမှာ ပိုပြီးတဲ့အခါကျတော့မှ လူငယ်တွေဟာ နိုင်ငံတော်ရဲ့ ကဏ္ဍအသီးသီးမှာ သူတို့ရဲ့ ရှိနေတဲ့ ကိုယ်ပိုင်စွမ်းရည်တွေနဲ့၊ ကိုယ်ပိုင်အရည်အသွေးတွေနဲ့ ကိုယ်ပိုင် ပိုင်ဆိုင်ထားတဲ့ သူတို့ အချက်အလက်တွေနဲ့ နိုင်ငံတော်ကို အလုပ်အကျွေး ပြုချင်တယ်။ နိုင်ငံတော်ကို ပါဝင်ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုကနေ ပြီးတော့ သူတို့ တတ်နိုင်တဲ့ ကဏ္ဍကနေ ပါချင်တယ်။

နောက်တစ်ခါ သူတို့ရဲ့ဘဝတွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်စပ်ဒေသတွေမှာ တချို့နေရာ တွေမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ကလေးတွေ၊ ဘဝတွေ ရေတိမ်နစ်ရတာတွေကိုလည်း သူတို့တင်ပြ ထားတာတွေရှိပါတယ်။ တကယ်လို့သာ ကျွန်မတို့က စုစုစည်းစည်းနဲ့ နိုင်ငံတော်က လုပ်ပေးလိုက်မယ် ဆိုလို့ရှိရင် အလွှာအသီးသီးက လူငယ်တွေဟာတက်လာပြီးတဲ့အခါကျတော့ သူတို့အကုန်မျက်နှာချင်း ဆိုင် အကုန်လုံး မျက်နှာစုံညီ ဆွေးနွေးပြီးတဲ့အခါကျလို့ရှိရင် နိုင်ငံတော်ဟာလည်း ထိန်းကျောင်းပေးမယ်။ ပံ့ပိုးပေးမယ်။ ဥယျာဉ်မှူးလိုဆောင်ရွက်ပေးမယ်။ လူငယ်တွေကလည်း သူတို့ရဲ့ သူတို့ လက်ရှိတွေ့ကြုံနေ ရတဲ့၊ ခံစားနေရတဲ့ အတွေ့အကြုံတွေ၊ ခံစားချက်တွေ၊ လိုလားချက်တွေ၊ မျှော်လင့်ချက်တွေ၊ ဆန္ဒတွေကို သူတို့တင်ပြတဲ့အခါ သူတို့ကို ဖြည့်ဆည်းပေးတာဖြစ်သလို သူတို့ဆီက ထိုက်သင့်တဲ့လုပ်အား၊ သူတို့ ပီပီပြင်ပြင် ဆောင်ရွက်နိုင်တဲ့ကဏ္ဍတွေမှာ သူတို့ကို ထည့်ပြီးတဲ့အခါကျတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မှာ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ အခုထက်ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်မက ယုံကြည်ပါတယ်။

နောက် ဒီအဆိုကိုတင်တဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ ကိုလည်း ကျွန်မက အင်မတန် လှိုက်လှိုက်လှဲလှဲနဲ့ ဂုဏ်ယူပါတယ်။ ဘာလို့လဲ ဆိုတဲ့အခါကျတော့ ကျွန်မတို့ ဒီလူငယ်တွေ အတွက်ကတော့ သီးသန့် ကျွန်မတို့ လုပ်ပေးဖို့ အလွန်လိုအပ်နေတဲ့အချိန်မှာ မည်သူမျှ ဒီလိုအဆိုမျိုး မတင်သေးဘဲနဲ့ တင်တာဖြစ်တဲ့အတွက် ကျွန်မက လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

လူငယ်တွေ ကျွန်မဆီကို လာတွေ့တာ တော်တော်များများ ရှိပါတယ်။ အဖွဲ့အစည်းတွေ၊ Myanmar Youth Union၊ Myanmar Youth Forum စသည်ဖြင့် ကျန်တဲ့အဖွဲ့အစည်းတွေလည်း လာတွေ့ကြပါတယ်။ အဲဒီတော့ လူငယ်တွေကအားသွန်ခွန်စိုက်နဲ့ နိုင်ငံတော်အတွက် သူတို့ဆောင်ရွက် ချင်နေတဲ့အခါမှာ အခုလာမယ့် အာဆီယံလူငယ် Forum မှာ အလွှာအသီးသီးက သူတို့ရဲ့ အသံတွေ၊

သူတို့ရဲ့ ဘဝတွေ၊ သူတို့ရဲ့ အတွေ့အကြုံတွေကို ဖလှယ်ကြတာ၊ ဆွေးနွေးကြတာ၊ နောက်ပြီး အဲဒီကနေ ရလာမယ့် အကျိုးအမြတ်တွေကို သူတို့လိုလားကြတာ တင်ပြပါတယ်။

အဲဒီအခါကျတော့ နိုင်ငံတော်ကနေပြီးတော့မှ အမှန်တကယ်ကတော့ ဒီ Forum မတိုင်ခင်မှာဘဲ ကျွန်မတို့က ကြိုပြီးတဲ့အခါကျတော့ ကျွန်မတို့က လူငယ်တွေကို စုစုစည်းစည်းနဲ့ တစ်ခါတည်း စုမိတဲ့အခါကျတော့မှ နိုင်ငံတော်ရဲ့ ရည်ရွယ်ချက်တွေ၊ နောက်ရှေ့လာမယ့် လုပ်ငန်းတွေမှာ လူငယ်တွေ ဘယ်လိုပါဝင်နိုင်သလဲ။ လူငယ်တွေကဘာတွေလိုအပ်သလဲ ဆိုတာကို ဆွေးနွေးထားပြီးတော့ လူငယ်တွေ Forum မှာ တကယ်တရားဝင် အဆင့်ရှိရှိ ဆွေးနွေးနိုင်ဖို့ကို ကျွန်မတို့က စီစဉ်ပြီးတော့ ဆောင်ရွက်ပေးထားရမှာဖြစ်ပါတယ်။

သို့သော်လည်း အုပ်ချုပ်ရေးကဏ္ဍအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ဘယ်လို စီစဉ်ထားတယ်ဆိုတာတော့ ကျွန်မတို့က အတွင်းကျကျ မသိသေးတဲ့အတွက်ကြောင့်မို့လို့ သိပ်တော့ တအားကြီးတော့ မပြောချင်ပါဘူး။ သူတို့လည်း စီစဉ်ထားတာတွေရှိမယ်ထင်တယ်။ ဘာလို့လည်းဆိုတော့ ကျွန်မနဲ့တွေ့တဲ့အခါမှာ လူငယ်တွေအတွက် ဥပဒေတွေလည်း သူတို့စီစဉ်နေပါတယ်လို့ ပြောထားတာရှိပါတယ်။ အဲဒါကြောင့်မို့လို့ပါ။ အဲဒီတော့ ကျွန်မတို့က ဒီမှာ လူ့စွမ်းအားအရင်းအမြစ်က ဘယ်လောက်အရေးကြီးလည်းဆိုလို့ရှိရင် ဒါက အားလုံးလည်း သိပြီးသားပါ။ သဘာဝသယံဇာတပစ္စည်းတွေ ဘယ်လောက်ပဲ ပေါများကြွယ်ဝပါစေ စီမံခန့်ခွဲမှုညံ့ရင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့မရှိရင် ကျွန်မတို့မြန်မာနိုင်ငံဟာ ချမ်းသာသင့်သလောက် မချမ်းသာဘူး၊ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘူးဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အဲဒီတော့ကျွန်မတို့က လူ့စွမ်းအားအရင်းအမြစ်တွေ အဓိကဖြစ်တဲ့လူငယ်တွေကို ကျွန်မတို့က အထူးအလေးပေးပြီးတော့ ကျွန်မတို့ဒီမိုကရေစီနိုင်ငံကို ထူထောင်မယ်၊ ဒီမိုကရေစီ တကယ့် သာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးကို လိုချင်တယ်ဆိုရင် ကျွန်မတို့ အုတ်မြစ်ကို ခိုင်အောင် ချရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ လူငယ်တွေဟာ အင်မတန်အရေးကြီးတဲ့ ကဏ္ဍကနေပြီးတော့မှ ပါမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ခေတ်အဆက်ဆက်ကို ပြန်ပြီးတော့ လေ့လာမယ်ဆိုရင်လည်း တကယ်တမ်း ရှေ့တန်းကနေပြီးတော့ ရှုပ်ရှုပ်ချွံချွံနဲ့ နောက်ကို လှည့်မကြည့်စတမ်း ဆောင်ရွက်ခဲ့တာတွေဟာ လူငယ်တွေပဲဖြစ်တယ်။ အဲဒီတော့ လူငယ်တွေရဲ့ရှိနေတဲ့ သူတို့ကိုယ်ပိုင်အရည်အချင်းတွေကို လူကြီးတွေက နေပြီးတဲ့အခါကျတော့မှ လူကြီးတွေရဲ့ ပိုင်ဆိုင်ထားပြီးသားဖြစ်တဲ့ အတွေ့အကြုံတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးလိုက်လို့ရှိရင် လူငယ်တွေအတွက် သူတို့ရဲ့ တကယ်နိုင်ငံတော်အတွက် ဆောင်ရွက်ပေးစေချင်တဲ့ ဆန္ဒတွေ၊ ဆောင်ရွက်ပေးစေချင်တဲ့ ရည်ရွယ်ချက်တွေကို ဖြည့်ဆည်းပေးရန်ဖြစ်မှာ ဖြစ်တဲ့အတွက်လည်း နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်း ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ပေးပြီးသား ဖြစ်မှာဖြစ်သလို ရှေ့အနာဂတ်အတွက်လည်း ဒါ ဗိသုကာကောင်းတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်မတို့က ဒီအတိတ်ဟာပစ္စုပ္ပန်ရဲ့ ဆရာဖြစ်တယ်ဆိုပြီးတော့ ပစ္စုပ္ပန်ဟာ အနာဂတ်ရဲ့ ဗိသုကာဖြစ်တယ်ဆိုလို့ရှိရင် ကျွန်မတို့ အခုအချိန်ကတည်းက ဒီလူငယ်တွေကို ကျွန်မတို့က ပြုစုပျိုးထောင်ပြီးတော့ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ၊ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ဆောင်ရွက်ပေးသင့်ပါတယ်။ အဲဒီအခါမှာ အခု ဆရာဦးခင်မောင်ရီ အဆိုတင်သွင်းထားသလိုပဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာ

ကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန်လို့ ဆိုတဲ့အခါကျတော့ ဒါကတော့ ကိုယ်စားလှယ်တော်ကြီးက လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန်လို့ ဆိုပြီးတော့ သူကဒါ ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားတာ ဖြစ်ပါတယ်။

ကျွန်မကတော့ ဒီလူငယ်တွေကို ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လူငယ်ဖွံ့ဖြိုးရေးကို လုပ်တာနဲ့အမျှလည်း လူငယ်တွေကိုလည်း နိုင်ငံတော်အတွက် သက်ဆိုင်ရာကနေပြီးတော့ သူတို့ဖြစ်ချင်တဲ့ဆန္ဒ၊ ဒါမှမဟုတ် လိုအပ်ချက်တွေကို အပြုသဘောနဲ့ ဆောင်ရွက်လာတဲ့ဟာတွေကို သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်ဖို့အတွက် လမ်းဖွင့်ပေးစေလိုပါတယ်လို့ ကျွန်မက ပန်ကြားချင်ပါတယ်။ နောက်တစ်ခုကတော့ ဘာလဲဆိုတော့ ကျွန်မဒါကတော့ ဒီအဆိုလေးကို ဆွေးနွေးရင်းနဲ့ ကျွန်မ နည်းနည်းတင်ပြပါရစေ။ ဒါကတော့ ဘာလဲဆိုတဲ့အခါကျတော့ ကျွန်မတို့ ကမ္ဘာ့လူ့ အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၂)မှာ လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လူမှုဘဝလုံခြုံရေး ရယူပိုင်ခွင့်ရှိသည့်အပြင် မိမိနိုင်ငံ၏ ဖွဲ့စည်းမှုနှင့် အရင်းအမြစ်တို့အရ အမျိုးသားကြိုးပမ်းမှုနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိ၏ဂုဏ်သိက္ခာနှင့် ကိုယ်ရည်ကိုယ်သွေး လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများနှင့် အခွင့်အရေးများကို ရရှိခံစားပိုင်ဆိုင်ခွင့်ရှိသည် လို့ဆိုတဲ့အခါမှာ သူတို့လည်း ကျွန်မတို့နိုင်ငံရဲ့ အခု ဆောင်ရွက်နေတဲ့ လူမှုရေးတွေ၊ စီးပွားရေးတွေ၊ နိုင်ငံရေးတွေ ကဏ္ဍအသီးသီးမှာ သူတို့ဟာ ပါဝင်ပြီးတော့ ဆောင်ရွက်နိုင်တဲ့ အခြေအနေ ရှိပါတယ်။

နောက်တစ်ခါ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း သူတို့ကို နိုင်ငံသားအနေနဲ့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ နောက်တစ်ခါလည်း ကျွန်မတို့ ဟိုးခေတ်အဆက်ဆက်ကထားခဲ့တဲ့ မကောင်းမှုကို သားသမီးပြုရင် မိဘပြုတယ်မည်တယ်တဲ့။ နောက်မကောင်းမှုကို တပည့်ပြုရင် ဆရာပြုတယ် မည်တယ်တဲ့။ မကောင်းမှုကို တိုင်းသူပြည်သားပြုရင် ရှင်ဘုရင် ပြုသည်မည်၏တဲ့။ အခုကတော့ ပဒေသရာဇ်ခေတ် မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒါရှင်ဘုရင်ဆိုတဲ့ အခေါ်အဝေါ်တော့ မရှိဘူးပေါ့။ သို့သော်ငြားလည်း ကျွန်မတို့ရှေ့ကနေပြီးတော့ သဘောတရားတွေချပေးနေတယ်။ အဲဒီဟာတွေကိုလည်း လက်တွေ့ အကောင်အထည်ဖော်နေတဲ့ အဖွဲ့အစည်းတွေက နောက်ကနေပြီး ပြည်သူလူထုကောင်းတာကို လုပ်ဖို့အတွက် ကျွန်မတို့က ဆောင်ရွက်ပေးကြရမှာ၊ တည့်မတ်ပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့က အခု ဆရာဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို ကျွန်မက နိုင်ငံတော်မှ ဒါကို အလေးအနက်ထားပြီးတော့ အာဆီယံရဲ့ ဥက္ကဋ္ဌဖြစ်နေတဲ့နှစ်၊ ဖြစ်နေတဲ့ အချိန်နဲ့အညီ အဆောတလျင်နဲ့ ဒါကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံရင်းနဲ့ ကျွန်မနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရတာဝန်

ရှိသူများ၊ လွှတ်တော်မှ တာဝန်ရှိသူများအားလုံးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၆)ရဲ့ ပြည်ထောင်စုသမ⊞မတ မြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လူငယ် လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင် ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ကျွန်တော်အကြံပြု ဆွေးနွေးထောက်ခံသွား ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ လူငယ်ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်ကံကြမ္မာကို ဖန်တီးမယ့်လူတွေဖြစ်ပါတယ်။ အနာဂတ်မှာ ဒီ လူငယ်တွေ အရည်အချင်းရှိသလောက် ကျွန်တော်တို့ တိုင်းပြည်ဟာ အရည်အချင်းရှိတာပဲ။ ဒီလူငယ်တွေတော်သလောက် ကျွန်တော်တို့တိုင်းပြည် တိုးတက်ပါမယ်။ ဒါ့ကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ လူငယ်ဘဝ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဟာ လေ့လာမှု ဒီကနေ့အချိန်မှာ နိုင်ငံတကာက လူငယ်ဘဝမှာ လေ့လာသင်ကြားမှု ဒါတွေ အရေးကြီးပါတယ်။ တစ်ခေတ်နဲ့ တစ်ခေတ်ဆိုတာ မတူဘူး။ တစ်ကမ္ဘာလုံးရဲ့ အခြေအနေဟာ တစ်ခေတ်နဲ့ တစ်ခေတ်လည်း မတူဘူး။ ကျွန်တော်တို့ ပြည်ထောင်စုရဲ့ အခြေအနေဟာလည်း တစ်ခေတ်နဲ့တစ်ခေတ် မတူဘူး။ လွတ်လပ်ရေး မရခင်က ကျွန်တော်တို့ လူငယ် ဘယ်လိုလှုပ်ရှား၊ ဘယ်လိုပညာသင်တယ်။ လွတ်လပ်ရေး ရပြီးတဲ့ နောက်ပိုင်း ၁၉၆၂ ခုနှစ်မတိုင်ခင်က လူငယ်တွေဟာ ဘယ်လိုလှုပ်ရှားရတယ်။ ဘယ်လိုသင်ကြား လေ့လာရတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းကနေပြီးတော့ ၂၀၁၀ အထိ လူငယ်တွေကဘယ်လို အခြေအနေ။ ၂၀၁၀ ကနေ ဒီကနေ့နောက်ပိုင်းကျတော့ ဒါဟာကျွန်တော်တို့တိုင်းပြည်ရဲ့ အခြေအနေဟာ တစ်မျိုး ပြောင်းသွားတယ်။ ပြောင်းလဲသွားတယ်။ ပြောင်းလဲစ ဆိုပေမယ့် တကယ့် နိုင်ငံတကာရဲ့စနစ်ထဲကို ကျွန်တော်တို့ ဝင်လာတယ်။ အဲဒီတော့ ကျွန်တော်တို့လူငယ်များဟာလည်း နိုင်ငံတကာစနစ်ထဲမှာပါဖို့ အရေးကြီးတယ်။ တန်းတူ၊ အဆင့်အတန်းတူ ဖြစ်လာဖို့ အရေးကြီးတယ်။ သူများထက်ကို အဆင့်အတန်း ပိုမြင့်ဖို့ လိုအပ်နေတယ်။

အဲဒီတော့ တိုးတက်ပါတယ်ဆိုတဲ့ နိုင်ငံတွေဆိုရင် လူငယ်ဟာ ပညာသင်ကြားတဲ့အရွယ်မှာ၊ ပညာရေးမှာ အစိုးရက အပြည့်အဝ ရင်းနှီးမြှုပ်နှံပြီးတော့ နိုင်ငံရေးဘာသာရပ်၊ စီးပွားရေးဘာသာရပ်၊ လူမှုရေးဘာသာရပ်၊ ဒဿနိက၊ အမျိုး သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ ဘာသာရပ်ပေါင်းစုံ ကျွန်တော်တို့ နိုင်ငံထက်ကို ပိုပြီးတော့ များပြားတဲ့ ဘာသာရပ်တွေပေါင်းစုံကို လူငယ်တွေကိုလေ့လာဖို့၊ အဲဒီကိုယ့်နိုင်ငံ ထဲမှာလေ့လာရုံနဲ့မကဘူး။ နိုင်ငံတကာအဖွဲ့အစည်းနဲ့ဆက်သွယ်ပြီးတော့ ပြိုင်ပွဲတွေ၊ ပူးပေါင်းဆောင်ရွက် လှုပ်ရှားမှုတွေ အဲဒါကအစလုပ်ကြတယ်။ အဲဒီတော့လူငယ်ဘဝမှာ ပညာကိုကောင်းကောင်းသင်ခဲ့တဲ့ အတွက်ကြောင့် နိုင်ငံရေးလုပ်မယ်ဆိုရင်လည်း နိုင်ငံရေး၊ စီးပွားရေးလုပ်မယ်ဆိုရင်လည်းပဲ ကြီးလာတဲ့

အခါ စီးပွားရေးဘက်လိုက်၊ နိုင်ငံရေးလုပ်မယ်ဆိုရင်လည်း တကယ့်နိုင်ငံရေးကို ကျောင်းသားဘဝကတည်းက သေချာလေ့လာတယ်။

အဲဒီတော့ လေ့လာဖို့ ကျွန်တော်ပြောတာပါ။ သင်ကြားပေးဖို့၊ ဝါဒစွဲနဲ့ သင်ပေးဖို့မဟုတ်ဘူး။ ဒီအချိန်မှာ အဖွဲ့အစည်း ဖွဲ့ရင်လည်းပဲ ပါတီစွဲ၊ ဝါဒစွဲနဲ့ ကျွန်တော်တို့ ဖွဲ့စည်းရင်တော့ လူငယ်တွေအတွက် အကျိုးမရှိဘူး။ လူငယ်တွေဟာ အသုံးချခံရပြီးတော့ ကျွန်တော်တို့ ခေတ်အဆက်ဆက် ကျွန်တော်တို့ နိုင်ငံရဲ့ လူငယ်ဟာ အသုံးချခံရပြီးတော့ တိုးတက်မှုနောက်ကျတယ်။ ကျွန်တော်တို့ ပညာရေးကို နိုင်ငံတကာနဲ့ယှဉ်လိုက်တဲ့ အခါကျရင် နိမ့်တယ်လို့ပဲပြောကြတယ်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်တွေကို အဓိကဘာလည်းဆိုတော့ ပညာသင်ကြားတဲ့ အရွယ်မှာ ပညာရေးတိုးတက်အောင်၊ ပညာရေး၊ ပညာအဆင့်အတန်း တိုးတက်အောင်၊ အဆင့်အတန်းမီအောင်၊ ပိုကောင်းအောင် ဒါကိုအဓိက ကျွန်တော်တို့ အာရုံစိုက်ပြီးတော့ နိုင်ငံတကာထဲမှာလည်း ပါဝင်သင့်တယ်။ ပြည်တွင်းမှာလည်း ကျွန်တော်တို့ အတတ်နိုင်ဆုံး ဒါဟာလုပ်ပေးရမယ်။ အဲအဓိက ကျွန်တော်တို့ ရှောင်ရမှာက ပါတီစွဲ၊ ဝါဒစွဲ ဒါကို လူငယ်တွေကို မရိုက်သွင်းဖို့၊ အသုံးမချဖို့၊ အနာဂတ် ကျွန်တော်တို့ တိုင်းပြည်ကို တာဝန်ယူမယ့် လူငယ်တွေ ဖြစ်လာအောင်၊ ဘက်စုံအဆင့်အတန်းမီတဲ့ လူငယ်တွေဖြစ်အောင် ဒါကို ကျွန်တော်တို့ ဦးတည်ပေးဖို့လိုတယ်။ အဲဒီလို ဦးတည်တဲ့နေရာမှာ နိုင်ငံတကာရဲ့ အတွေ့အကြုံကိုလည်း လူငယ်တွေကို ကျွန်တော်တို့ လမ်းဖွင့်ပေးဖို့ လိုတယ်။ အတွေ့အကြုံတွေရဖို့။

အဲဒီတော့ အဲဒီလို အတွေ့အကြုံရဖို့အတွက်ဆိုရင် ဒါဟာ အဖွဲ့အစည်းအနေနဲ့ နိုင်ငံတကာ လူငယ်အဖွဲ့အစည်း၊ တက္ကသိုလ်ကျောင်းသားများအဖွဲ့အစည်း၊ နောက် အထက်တန်းကျောင်းများအဖွဲ့အစည်း လူငယ်တောင်မှ ဘယ်အရွယ်၊ ဘယ်အရွယ်ဆိုတာ ရှိသေးတယ်။ နောက် ပညာရပ်ပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှုတွေ၊ လူမှုရေးပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ လူငယ်တွေ၊ အဲဒါ ကျွန်တော်တို့ နိုင်ငံက လူငယ်တွေ ပါဖို့လိုတယ်။ အဲဒီလို ရွေးချယ်တဲ့နေရာမှာ၊ ဖွဲ့စည်းတဲ့နေရာမှာလည်းပဲ ခုနက ကျွန်တော်ပြောတဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ ဒါတွေ ဒါကိုရှောင်ရှားပြီးတော့ စနစ်တကျ တစ်နိုင်ငံလုံး အတိုင်းအတာကို လူငယ်တွေကို ကိုယ်စားပြုနိုင်ဖို့၊ တစ်နိုင်ငံလုံး အတိုင်းအတာရှိတဲ့ လူငယ်တွေကို ပြန်လည်ပြီးတော့ ပညာပေးနိုင်ဖို့၊ အကျိုးပြုနိုင်ဖို့ ဒါကို ကျွန်တော်တို့ စနစ်တကျ ရွေးချယ်ဖွဲ့စည်းပြီးတော့ ဒီလူငယ်တွေရဲ့အခန်းကဏ္ဍကို နိုင်ငံတကာအဆင့်အတန်းမီ ဖြစ်လာအောင် အနာဂတ်ကျွန်တော်တို့ တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေ၊ တိုင်းပြည်ကိုတာဝန်ယူမယ့် ပုဂ္ဂိုလ်တွေ အဆင့်အတန်းမီအောင်၊ အဆင့်အတန်းမြင့်အောင် ဒီကနေ့အချိန်အခါကစပြီးတော့ လုပ်ဖို့အတွက် ဒီ ဦးခင်မောင်ရီ ရဲ့ အဆိုကို ဆွေးနွေးအကြံပြုထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်

ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စာ အသုံးအနှုန်းများပါရင်လည်း ခွင့်ပြုပေးပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ် လူငယ်များရဲ့ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန်ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ဟာ အာဆီယံနိုင်ငံတွေဖြစ်တဲ့ ဘရူနိုင်းဒါရုစလန်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် စတဲ့နိုင်ငံများနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံများမှ လူငယ်ပြုစုပျိုးထောင်ရေးနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားတာကို တွေ့ရှိရ ပါတယ်။ လူငယ်ဆိုတာကတော့ (၁၆)နှစ် မှ (၂၅) သို့မဟုတ် (၁၆) ကနေ (၃၀)ကြားကို သတ်မှတ်တယ်လို့ လည်း ဆိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း ပညာရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနများရဲ့ဆောင်ရွက်ချက်များ၊ NGO, INGO များရဲ့ နယ်ပယ်အသီးသီး မှာ လုပ်ဆောင်နေတဲ့အချက်များကိုလည်း ပြည့်စုံစွာ တင်ပြသွားတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပါတီများကတော့ မဲအောင်နိုင်ဖို့အတွက်ကို စဉ်းစားတယ်။ အစိုးရကတော့ မျိုးဆက်သစ်များအတွက် စဉ်းစားတယ်လို့ ဆိုစကားရှိပါတယ်။ လူငယ်များဟာ အနာဂတ်ရဲ့မျိုးဆက်သစ် များဖြစ်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုတဲ့စကားအတိုင်း တစ်နေ့မှာ တိုင်းပြည်ရဲ့တာဝန်ကို ပုခုံးပြောင်းတာဝန် ယူကြရမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်ဘဝကနေစပြီး ပြည့်စုံအောင် တစ်ဖြည်းဖြည်းနဲ့ လေ့ကျင့်ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဘက်စုံတော်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ အစကောင်းမှ အနှောင်းသေချာ ဆိုတဲ့ စကားလည်းရှိပါတယ်။

အဆိုရှင်အနေနဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံးက အဓိကပံ့ပိုးပေးထားပြီးတော့ အာဆီယံ(၁၀)နိုင်ငံ ပါဝင်တဲ့ လူငယ်သင်္ဘောခရီးစဉ် SSEAYP အစီအစဉ်မှာ NeponMaru သင်္ဘောကြီးနဲ့ကျွန်တော်တို့ အာဆီယံ(၁၀)နိုင်ငံမှာ Home Stay သွားရောက်ခဲ့တာကို တင်ပြသွားတာကို တွေ့ရှိရပါတယ်။ တတိယ ခရီးစဉ်ရဲ့ National Leader အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။ အဲဒီအချိန်က ကျွန်တော်လည်း ရန်ကုန်မြို့မှာ I.R သင်တန်း(၄)လ တက်ရောက်နေတာဖြစ်လို့ ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ နဲ့ ပြည်နယ်တိုင်းက လူငယ်အဖွဲ့ကို နေအိမ်မှာ ဖိတ်ကြားပြီး ဧည့်ခံခဲ့တာကိုလည်း ပြန်ပြောင်း ပြီးတော့ သတိရမိပါတယ်။

ပထမနဲ့ ဒုတိယအကြိမ်မှာ National Leader အဖြစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ ဦးအေးမြင့် နဲ့ ဦးအောင်ဝင်းဦး တို့ ကတော့ မရှိတော့တဲ့ဟာကို တင်ပြတဲ့အတွက် ဒါကို သတိရမိပါတယ်။ ယခု ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်မှာ National Leader အဖြစ် ဆောင်ရွက်ခဲ့တဲ့ အဆိုရှင်နဲ့

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်း တို့ကတော့ ကျန်းကျန်းမာမာ ရှိဖို့ပဲ ဆုတောင်းပေးနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Youth Federation အဖွဲ့ကြီး ရှိပါတယ်။ တစ်ပါတီစနစ်ရဲ့ ဦးဆောင်မှုအောက်မှာ လူငယ်တွေကို နိုင်ငံရေးခေါင်းဆောင်အဖြစ် မွေးထုတ်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့လက်ရှိသမ္မတ၊ ဝန်ကြီးချုပ်များဟာ ဒီ All China Youth Federation ကပဲ မွေးထုတ်လာတာ ဖြစ်ပါတယ်။ ၁၉၉၆ လောက်မှာ ဒီ Federation ရဲ့ Vice President ဖြစ်တဲ့ Mr.လီတိန်ပေါး ဦးဆောင်တဲ့ ကျွန်တော်တို့ အဖွဲ့ကို ရန်ကုန်မြို့မှာ ရက်အတော်ကြာ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ဖူးပါတယ်။ သူဟာ ဒုတိယဝန်ကြီး အဆင့်ရှိသူ ဖြစ်ပြီးတော့ ထိုစဉ်က အသက်(၃၈)နှစ်ပဲ ရှိသေးတာကို တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ ဆောင်ရွက်ချက်ကတော့ မဟာမဲခေါင်(၆)နိုင်ငံပါဝင်တဲ့ ကျွန်တော်တို့ လူငယ်ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပဲ ပဲခူးမြို့ကို မဲခေါင်(၆)နိုင်ငံ လူငယ်အဖွဲ့ လာရောက်လည်ပတ်သွားခဲ့ပါတယ်။ ၁၉၉၅ နဲ့ ၂၀၁၀ ကာလအတွင်းမှာ နိုင်ငံတကာမှ လူငယ်အဖွဲ့တွေ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တိုင်းလည်း ကျွန်တော်တို့ ပဲခူးမြို့ကို နှစ်စဉ်ရောက်ရှိပါတယ်။ တန်ခိုးကြီးဘုရားတွေကို ဖူးသလို ကမ္ဘောဇသာဒီနန်းတော်ကြီးကို လေ့လာရတာလည်း ၎င်းတို့အဖွဲ့များ အင်မတန်မှ နှစ်ခြိုက်ပါတယ်။

ဒီလူငယ်ဘဝမှာ ရင်းနှီးချစ်ကြည်မှုတွေဟာ အနာဂတ်မှာ ပုခုံးပြောင်းတာဝန်ယူလို့ လူကြီးတွေ ဖြစ်လာတဲ့အထိ ဆက်လက်ပြီး ရင်းနှီးဖို့ရည်ရွယ်တယ်လို့လည်း လူကြီးများက ဆိုခဲ့ပါတယ်။ ကျွန်တော်တို့ဆီကို ဂျပန်ခေါင်းဆောင် ပထမဆုံးလာတဲ့ ဒုတိယခေါင်းဆောင် ဆိုရင် Japan Tokyo University မှာ English Department မှာ တာဝန်ထမ်းဆောင်တဲ့ ကထိကပါ။ ဗမာအမည်လည်း ရှိပါတယ်။ ခင်သစ္စာ ဆိုတာပါ။ သူ့ရဲ့ဖခင်ကတော့ ဒါ တတိယအကြိမ်မှာ National Leader အဖြစ် ခေါင်းဆောင်ပြီး လာပါတယ်။ ဦးသစ္စာ ဖြစ်ပါတယ်။ ၎င်းတို့တစ်ဖွဲ့လုံး မြန်မာစကားကို ကောင်းကောင်းကျွမ်းကျင်ပြီးတော့ မြန်မာလိုလည်း တတ်ပါတယ်။

ဦးသစ္စာဆို သူ့ဇနီးကို မေသစ္စာ၊ သမီး ခင်သစ္စာ၊ မြသစ္စာ ဆိုပြီးတော့ တာဝန်ပေးပြီး ကျွန်တော်တို့ရဲ့ လူငယ်များနဲ့ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆက်ဆံသွားတာကိုလည်း တွေ့ရှိရပါတယ်။ ဦးသစ္စာကလည်း ကျွန်တော့်ရဲ့ ဒါ အဒေါ်များနဲ့ လုပ်ဖော်ကိုင်ဘက်ဖြစ်ပြီးတော့ မြန်မာစာကို စနစ်တကျ လေ့လာသင်ယူတဲ့ ပါမောက္ခတစ်ဦး ဖြစ်ပါတယ်။ ၎င်းဟာဆိုလို့ရှိရင်လည်း ဒါ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီးတော့ အမရပူရမဟာဂန္ဓာရုံကျောင်းက အရှင်ဇနကာဘိဝံသ ဆီမှာ ရဟန်းဘဝနဲ့ ကျွန်တော်တို့ တရားများပင် အားထုတ်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းကတော့ ပစ္စည်း(၄)ပါးဒကာကတော့ ထိုအချိန်က ဝန်ကြီးချုပ်လုပ်ခဲ့တဲ့ ဦးနုက တာဝန်ယူဆောင်ရွက်ပေးသွားကြောင်း ကျွန်တော်တို့ရဲ့ လူကြီးများက ပြောခဲ့ပါတယ်။

ဒီလို ကျွန်တော်တို့ပေါ့နော် လူကြီးများ၊ ကလေးများလက်ထက်မှာ အစဉ်အဆက် ခင်မင်မှုများဟာ အင်မတန်တန်ဖိုးရှိပါတယ်။ ကျွန်တော်တို့ ပဲခူးမြို့ကို လာတိုင်းလည်း အဲဒီအချိန်မှာ ဆိုကာရေးတီးအဖွဲ့တွေနဲ့ တိုက်တဲ့အတွက် ဒီ မြန်မာဆိုင်းဝိုင်းကြီးနဲ့ ကျွန်တော်တို့ ဒီ အပျိုတော်အကတို့၊ မြူးကြွတဲ့ တေးသီချင်းများနဲ့ ဖျော်ဖြေရင် သူတို့ အင်မတန်မှ နှစ်သက်ပါတယ်။ နောက်ပိုင်းရုံးချုပ်က ပဲခူး မပါရင်တောင် သူတို့အဖွဲ့များ အမြဲတမ်း အစဉ်အဆက် သီးခြားအစီအစဉ်တစ်ရပ်အနေနဲ့ ပဲခူးမြို့ကို လာရောက်

ပြီး လည်ပတ်လေ့လာပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီလို ကျွန်တော်တို့နဲ့ ချစ်ကြည်စွာ ဆက်ဆံသလိုပဲ ကျွန်တော်တို့ဆီကပြန်လွှတ်လိုက်တဲ့ လူငယ်တွေဟာ ယနေ့ပထမအကြိမ် သဘော်ာခရီးစဥ် မှာပါတဲ့ ကျွန်တော်တို့ရဲ့ လူငယ်တစ်ဦးကို ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဒါ စည်ပင်ဝန်ကြီး အဖြစ် တာဝန်ပေးနိုင်သလို ဒုတိယအကြိမ်မှာ ပါတဲ့လူငယ်ကိုလည်း သစ်တော၊ သတ္တုဝန်ကြီးဌာနမှာ တာဝန် ပေးအပ်နိုင်တဲ့အတွက် ၎င်းတို့ဟာ နိုင်ငံတကာအတွေ့အကြုံများကို ရရှိခဲ့တဲ့အတွက် အင်မတန်မှ အကျိုး ကျေးဇူးများပြီး အခုလက်ရှိဘဝနယ်ပယ်မှာ နိုင်ငံတကာအတွေ့အကြုံများကို ပေါင်းစပ်ပြီးဆောင်ရွက် နိုင်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂျပန်နိုင်ငံဟာ အာဆီယံ(၁၀)နိုင်ငံက လူငယ်တွေကို International Level မှာ ပြုစုပျိုးထောင်သွားပါတယ်။ ဒီလို ချစ်ကြည်ရေး ခရီးစဥ်တွေကို ဆောင်ရွက်သလို စီးပွားရေးဆိုင်ရာ သင်တန်းများကိုလည်း ကျွန်တော် တို့နိုင်ငံမှာ ပို့ချပေးခဲ့ပါတယ်။ ၁၉၉၈ ခု၊ ဒီဇင်ဘာလမှာ ဂျပန်နိုင်ငံ (Nomura Research Institue) က တာဝန်ယူဖွင့်လှစ်တဲ့ သင်တန်းကို မြန်မာနိုင်ငံမှာ IBC မှာ လုပ်ခဲ့ ပါတယ်။ ဂျပန်၊ အမေရိကန်၊ ဟောင်ကောင်စတဲ့ စီးပွားရေးပညာရှင်များ၊ ပါမောက္ခများ လာပြီးတော့ ပို့ချခဲ့ပါတယ်။ ဒီသင်တန်းမှာတော့ မလေးရှားနိုင်ငံရဲ့ စီးပွားရေးမူဝါဒ ပြောင်းလဲကျင့်သုံးပုံများကို ပို့ချ ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီ သင်တန်းကိုလည်း ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဒေါက်တာမြင့်ကြည်၊ ပါမောက္ခချုပ်ဦးမော်သန်း၊ ယခု ပြည်ထောင်စုဝန်ကြီး ဖြစ်နေတဲ့ ဒေါက်တာကံဇော်၊ နောက် အမျိုးသားလွှတ်တော်ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး တို့ ဒေါ်မျိုးနွယ်တို့စတဲ့ ကိုယ်စားလှယ် တွေ (၃၀)ပါဝင်ပါတယ်။

ကျွန်တော်တို့ ဒီသင်တန်းမှာ မှတ်မိသလောက်ကို တင်ပြရမယ်ဆိုရင် ၁၉၆၃ ခု လောက်မှာ မလေးရှားနိုင်ငံရဲ့ (Look East Policy)ဆိုတဲ့ မူဝါဒကို ချမှတ်ပါတယ်။ ဂျပန်နိုင်ငံအကူအညီနဲ့ ထုတ်ကုန် ပစ္စည်းတွေကို ဂျပန်နိုင်ငံရဲ့ (Better and Cheaper)ဆိုတဲ့ ပေါ်လစီနဲ့ ထုတ်လုပ်တဲ့အတွက် စီးပွားရေး မှာ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အမေရိကန်နိုင်ငံကတော့ (Better and Expensive Policy) နဲ့ ထုတ်လုပ် ပါတယ်။ ပစ္စည်းကောင်းသော်လည်း ဈေးနှုန်းမြင့်မားတဲ့အတွက် လူအများ အသုံးပြုမှု နည်းပါတယ်။ ဒါကြောင့် ရောင်းအားကျဆင်းပြီးတော့ ဒီ အကျိုးဆက်က ကုမ္ပဏီရဲ့ (Share Holder)များ၊ အစုရှင်များကို ရေရှည်မှာ ထိခိုက်ပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံသည်ပင်လျှင် ဂျပန်ရဲ့ ပေါ်လစီကို ပြောင်းလဲကျင့်သုံးဖို့အတွက် စဥ်းစားဆောင်ရွက်လာပါတယ်။ ဒီသင်တန်းမှာပဲ စကင်ဒီနေးဗီးယန်း Air line ရဲ့ အရှုံးပေါ်မှုကို စီးပွားရေး ပြန်လည်ဦးမော့အောင် ကြိုးပမ်းဆောင်ရွက်မှုတွေလည်း သင်ခဲ့ပါတယ်။ သင်တန်းအပြီးမှာ မလေးရှား နိုင်ငံကို လေ့လာရေးခရီးထွက်ပြီးတော့ Proton ကားစက်ရုံ၊ Aircon စက်ရုံ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်တဲ့ စက်ရုံတွေကို ကွင်းဆင်းလေ့လာရပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စက်ရုံလုပ်ငန်းတစ်ခု အနေနဲ့ စဥ်းစားမယ်ဆိုရင်လည်း လုပ်အား၊ အရင်းအနှီးနဲ့ ကုန်ထုတ်စွမ်းအားတိုးတက်မှု အခြေခံများက အဓိကကျပါတယ်။ ကျွမ်းကျင်လုပ်သား လုံလောက်စွာ ဖြည့်တင်းမှု၊ လူ့စွမ်းအားအရင်းအမြစ်မှာ ရင်းနှီး မြှုပ်နှံဖို့၊ အခြေခံပစ္စည်းများမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးဆန်ဆန် ဆောင်ရွက်တတ်မှုက အရေးကြီးပါတယ်။ ကုန်သွယ်ရေးနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံတကာနဲ့ အကျွမ်းတဝင် ဆောင်ရွက်နိုင်ရေး ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကကျတဲ့ မောင်းနှင်အားတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်တဲ့အချက် အချို့ကိုလည်း တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့ သမီးဟာ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ဂျပန်ဘာသာရပ်နဲ့ သင်ကြားနေပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ဂျပန်နိုင်ငံ ငလျင်ဒေသဖြစ်တဲ့ ဆန်းဒိုင်းမြို့က လူငယ်(၁၅)ဦး မြန်မာနိုင်ငံကို ရောက်ရှိပါတယ်။ အဲဒီမှာ ဂျပန်အမျိုးသမီးလူငယ်(၂)ဦးကို ကျွန်တော်တို့ Home Stay လက်ခံပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဂျပန်လူငယ်အမျိုးသားတွေကတော့ ဒါ လက်ခံမယ့်အိမ်မရှိလို့ ဟိုတယ်မှာပဲ နေခဲ့ရတယ်လို့ သိရပါတယ်။ သူတို့ရဲ့ ဆောင်ရွက်ချက်တွေကတော့ ကျွန်တော်တို့ရဲ့ ဒီ မိသားစုလူနေမှုစနစ်ကို လေ့လာဖို့ဖြစ်သလို တစ်ဖက်ကလည်း ဒီ ဆန်းဒိုင်းမြို့မှာရှိတဲ့ ငလျင်ဒဏ်ခံဒေသတွေကို နှစ်သိမ့်ဆွေးနွေးဖို့အတွက် Canvas ပေါ်မှာ ကျွန်တော်တို့ စာတို့၊ ကဗျာတို့၊ ရုပ်ပုံတို့ကို ရေးဆွဲပေးပြီးတော့ သူတို့ ပြန်ရောက်တဲ့အခါမှာ ဒီ ငလျင်ဒဏ်ခံရတဲ့ ကျွန်တော်တို့ ပြည်သူတွေကို ပြန်လည်နှစ်သိမ့်ဖို့အတွက် ဆောင်ရွက်ချက်ဖြစ်တဲ့အတွက် အင်မတန်မှ ဒါ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အဲဒီမှာပဲ မနှစ်က တိုက်တိုက်ဆိုင်ဆိုင် ကိုယ်စားလှယ်တော်ကြီး ဦးခင်မောင်ရီ ရဲ့ ငလျင်နဲ့ပတ်သက်တဲ့ ဆွေးနွေးချက်တွေ ဆွေးနွေးဖို့အတွက် ရှိတဲ့အခါမှာ သမီးကပဲ ဒီဆက်သွယ်ပြီး ဆောင်ရွက်ပေးပါတယ်။ သို့သော်လည်း ဒေါက်တာသိန်း ရဲ့ အစီရင်ခံစာကို ရရှိသွားတဲ့အတွက် ကျွန်တော်တို့အားလုံး အဆင်ပြေသွားရခြင်း ဖြစ်ပါတယ်။ ဒီ ဂျပန်ကိုယ်စားလှယ်များ အနေနဲ့လည်း အင်မတန်ရင်းနှီးလာတဲ့အခါမှာ သမီးလုပ်တဲ့သူကို နိုင်ငံရေးလုပ်ဖို့များ စိတ်မဝင်စားဘူးလားဆိုတဲ့ မေးခွန်းတွေ မေးသွားတာကိုလည်း တွေ့ရပါတယ်။

ဒီလို မေးရခြင်းကလည်း ဒါ ရည်ရွယ်ချက် ရှိပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဒါ ပုဂ္ဂလိကအနေနဲ့ ကျွန်တော်တို့ ၁၉၇၈ ခုနှစ်မှာ သူဌေးကြီးဖြစ်တဲ့ မတ်ဆူရှီတဟာ ဂျပန်ယန်း(၇)ဘီလီယံနဲ့ ကျွန်တော်တို့ စတင်တည်ထောင်တဲ့ (Matsushita Institute of Government and Management)ဆိုတဲ့ နိုင်ငံရေး သိပ္ပံကျောင်းကြီးကို ၁၉၈၀ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီ မတ်ဆူရှီတသူဌေးကြီးဟာ (Panosonic) ကုမ္ပဏီကြီးလည်း တည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ နိုင်ငံရေးဆောင်ရွက်မယ့် အလားအလာရှိတဲ့ လူငယ်တွေကို ဂျပန်မှာလေ့ကျင့်ပျိုးထောင်ဖို့ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ဂျပန်နိုင်ငံရေးလောကမှာ ခေါင်းဆောင်လောင်းတွေမွေးထုတ်ဖို့ဖြစ်ပါတယ်။ အဲဒီ သိပ္ပံကျောင်းကို နိုင်ငံရေးမျိုးရိုးမဟုတ်သူများလည်း တက်ရောက်နိုင်ကြောင်းသိရပါတယ်။ မတ်ဆူရှီတသိပ္ပံကျောင်းသားတွေဟာ မနက်မှာဆိုရင် ကျွန်တော်တို့ တရားထိုင်ရပါတယ်။ ပြီးရင် ကင်ဒို ဆိုတဲ့ သစ်သားဓားရှည်ကြီးတွေနဲ့ ကိုယ်ခံပညာကို သင်ကြားရပါတယ်။ အခြေအတင် စကားရည်လုပွဲတွေကို ပါဝင်ပြောဆိုရသလို၊ စာတမ်းများလည်း ပြုစုပြီး တင်ရပါတယ်။ မနက်အာရုဏ်တက်တာနဲ့ အိပ်ရာကထပြီးတော့ ကျောင်းဝန်းထဲမှာ တံမြက်စည်း သန့်ရှင်းရေးလုပ်ရပါတယ်။

ရည်ရွယ်ချက်ကတော့ နောင်အခါမှာ မြင့်မားတဲ့ နိုင်ငံရေးရာထူးတွေ ရသွားတဲ့အခါမှာ ကျွန်တော်တို့ အောက်ခြေသိမ်းလုပ်ငန်းတွေမှာ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပေးတာလို့ ဒါ ဆိုပါတယ်။ ဂျပန်နိုင်ငံဟာ ကမ္ဘာ့စီးပွားရေးဇာတ်ခုံမှာ အရေးကြီးတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ နိုင်ငံရဲ့ နိုင်ငံရေး အာဏာအပြောင်းအလဲဟာ စောင့်ကြည့်နေရမယ့် ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ အမွေခံနိုင်ငံရေးမျိုးဆက်သစ် လွှမ်းမိုးမှုနဲ့ ပတ်သက်ပြီးတော့ မတ်ဆူရှီတ၊ ဒုတိယညွှန်ကြားရေးမှူးကလည်း ပြောဖူးပါတယ်။ အမွေခံနိုင်ငံရေးသမားများဟာ မိဘတွေဆီက ဆင်းသက်လာတဲ့ နာမည်တစ်လုံးက ရှိပြီးသား ဖြစ်ပါတယ်။ ပြီးတော့ ငွေကြေးကလည်း တောင့်တင်းပါတယ်။ ငွေကြေးတောင့်တင်းတာနဲ့အမျှ

နောက်လိုက် အင်အားလည်း စုပြီးသားဖြစ်တာမို့ နိုင်ငံရေးမျိုးရိုး မပတ်သူများထက် တစ်ပန်းသာနေတယ်လို့ဆိုပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ အောက်လွှတ်တော် မဲဆန္ဒနယ်(၄၈၀)အတွက် အမတ်လောင်း (၁၃၇၄)ဦး ယှဉ်ပြိုင်ရာမှာ (၁၇၄)ဦးဟာ ယခင် အမတ်လောင်းများရဲ့ သားတွေသော်လည်းကောင်း၊ မြေးသော်လည်းကောင်း ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ဂျပန်နိုင်ငံဟာ ၁၈၆၇ ခုနှစ်၊ ဂျပန်ဘုရင် မေဂျီ နန်းတက်လာပါတယ်။ ၎င်းလက်ထက်မှာ နိုင်ငံခြားကို ပညာသင်အများအပြား စေလွှတ်ခဲ့ပါတယ်။ တပ်မတော်နဲ့ အုပ်ချုပ်ရေးဆိုင်ရာ ဘာသာရပ်ကို ဂျာမဏီကို ပို့ပါတယ်။ ဗိသုကာနဲ့ အနုပညာဘာသာရပ်ကို ပြင်သစ်နဲ့ အီတလီကို ပို့ပါတယ်။ ပညာရေးနဲ့ စက်မှုလုပ်ငန်းဘာသာရပ်အတွက် အမေရိကန်နဲ့ အင်္ဂလန်ကို ဆည်းပူးသင်ယူစေပါတယ်။ အာရှတိုက်မှာ ဒါကြောင့် ခေတ်မီနိုင်ငံတစ်ခုအဖြစ် အမြန်ဆုံးရောက်ရှိလာပါတယ်။ ၁၉၄၁ ခုနှစ်မှာ ဂျပန် က ပုလဲဆိပ်ကမ်း ရှိတဲ့ အမေရိကန်ရေတပ်ကို ဗုံးကြဲတိုက်ခိုက်ပြီးတော့ ဒုတိယကမ္ဘာစစ်ထဲကို ဝင်ရောက်လာပါတယ်။ ဒါကြောင့် ၁၉၄၅ မှာ ဟီရိုရှီးမားနဲ့ နာကာစကီဟာ အဏုမြူဗုံးကြဲချခံရပြီး ဂျပန်နိုင်ငံ ပြည်သူအမြောက်အမြားဟာ ဒါ သေကြေပျက်စီးပြီးတော့ ပြာပုံအတိ ဖြစ်ခဲ့ရပါတယ်။ ဒီ အချိန်မှာ ဂျပန်ဧကရာဇ် ဟီတိုဟီတို ကနေပြီးတော့ လူထုကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ (We have Resolved to Pave The way for agrand Peace for all Generations to come by Enduring the Unendurable and by Suffering What is Unsufferable) ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ နောင်လာမယ့် မျိုးဆက်သစ်များအတွက် ကြီးကျယ်တဲ့ ငြိမ်းချမ်းရေးကို ဖြစ်ပေါ်လာစေရန် လမ်းခင်းသည့်အနေဖြင့် သည်းခံနိုင်ခဲသောအရာကို ကြိတ်မှိတ်သည်းခံရန်၊ ခံစားနိုင်ခဲသည့်အရာကို ကြိတ်မှိတ်ခံစားရန် ကျွန်ုပ်တို့ ဆုံးဖြတ်လိုက်ရပါကြောင်းလို့ ဖြစ်ပါတယ်။

ဒီကြေညာချက်တွေကို ကြည့်မယ်ဆိုလို့ရှိရင် လက်နက်ချတယ်၊ အညံ့ခံတယ်၊ အရှုံးပေးတယ်။ Surrender လုပ်တယ်ဆိုတဲ့ စကားလုံးတွေ မပါဝင်ပါဘူး။ ဒါကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုကို အလေးအနက်ပြောကြားတတ်တဲ့ ဂျပန်လူမျိုးတွေဟာ ပြာပုံအဆင့်ကနေပြီး ရုန်းကန်ပြီးတော့ ထိပ်တန်းတိုင်းပြည်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးစားလာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်မှာ ပညာရေးတစ်လုံးတစ်ခဲတည်း ရင်းနှီးမြှုပ်နှံမှုကို ဒုတိယအကြိမ်ဆောင်ရွက်ပါတယ်။ ပထမအကြိမ်ကတော့ ၁၈၉၃ ခုနှစ် အီတို အစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း ၁၉၅၀ ပြည့်နှစ် လွန်နှစ်များမှာ အမေရိကန်အကူအညီနဲ့ ဆောင်ရွက်ခဲ့ရာမှာ ခေတ်မီတိုးတက်တဲ့ နိုင်ငံ ဖြစ်ပါတယ်။ ၁၉၅၇ ခု၊ ၁၉၆၀ ခု စက်မှုလုပ်ငန်းများရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြည့်တင်းရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပါတယ်။ ၁၉၇၇ ခုနှစ်မှာတော့ ကမ္ဘာ့စက်မှုထိပ်တန်းနိုင်ငံဖြစ်ပေါ်လာပြီးတော့ စိမ်ခေါ်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ကြုံတွေ့လာရပါတယ်။ ယခင်အခါကတော့ အမေရိကန်ရဲ့ နည်းပညာကို အတုယူပြီး ဆောင်ရွက်ပေမယ့် နောက်ပိုင်းမှာ ကိုယ့်စနစ် ကိုယ်တီထွင်ပြီးတော့ ကိုယ့်အားကိုယ့်ကိုး ဆောင်ရွက်ခြင်းသာ အကောင်းဆုံး ဆိုပြီးတော့ နှစ်(၃၀)ကြိုတင်ပြီးတော့ ပညာရေးနဲ့ စီးပွားရေးဆိုင်ရာ စီမံကိန်းများကို ချမှတ်ဆောင်ရွက်လာတာ တွေ့ရပါတယ်။ ၁၉၇၉ နဲ့ ၈၀ ဘဏ္ဍာရေးနှစ်မှာတော့ ပညာရေးအသုံးစရိတ်ဟာ အမျိုးသားဝင်ငွေရဲ့(၁၀)ရာခိုင်နှုန်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း ဒီ ဆရာကြီးပါမောက္ခ ဒေါက်တာမြဦးဟာ ကျန်းမာရေးနဲ့ ပညာရေးအသုံးစရိတ်ကို အမြဲတမ်းတိုးမြှင့်ပေးဖို့ ဆွေးနွေးတာကိုလည်း ကြားရပါတယ်။ ဒီလို ဆွေးနွေးခဲ့

သလိုပဲ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပြီးတော့ ကျွန်တော်တို့ရရှိတဲ့အတွက်လည်း ပိုမိုဆောင်ရွက်လာနိုင်တာကိုတော့ တွေ့ရှိရပါတယ်။

ဒီ ပညာရေး အားကောင်းလာအောင် (Back to Origin) ဆိုတဲ့ အခြေခံကိုပြန်သွားရမယ်ဆိုတဲ့ အတွေးအခေါ်တွေလည်း ပေါ်လာပါတယ်။ လက်တွေ့ကျတဲ့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုတွေကို တက္ကသိုလ်အနှံ့မှာ ဆောင်ရွက်နေတာကိုလည်း ယခုအခါမှာ တွေ့ရှိရပါတယ်။ ဒါကြောင့် အနာဂတ်လူငယ်များကို အခြေခံကနေစပြီး အတတ်ပညာကျွမ်းကျင်မှု (Skill)၊ အသိပညာဖွံ့ဖြိုးတိုးတက်မှု (Knowledge Dvelopment)၊ စိတ်ဓာတ်(Mind)၊ စာရိတ္တ (Character) နဲ့ စည်းကမ်း (Discipline) တို့ကို အဘက်ဘက် က ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ယနေ့ နိုင်ငံပိုင် သတင်းစာများမှာလည်း ဒါ ဥက္ကဋ္ဌကြီးရဲ့ ကျောင်းများဖွင့်ပွဲမှာ ပညာရေးကို အထူးပေးပြီးတော့ အလေးထားပြောကြားတာ တွေလည်း ဒါ (High Light) လုပ်ပြီး ဖော်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အနာဂတ်ကို ဦးဆောင်မယ့် မျိုးဆက်သစ်တွေ လူငယ်အားလုံး ပညာရည်မြင့်မားတိုးတက်ဖို့ ဘက်စုံထူးချွန်နေဖို့အတွက် မဝေးတော့တဲ့ ကာလမှာ နိုင်ငံတော်နဲ့ ပြည်သူတို့ ရင်းနှီးမြှုပ်နှံမှု အသီးအပွင့်တွေကို လက်တွေ့ခံစားနိုင်ရန်အတွက် ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၁၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးတင်ပြခွင့်ကို Power Point များဖြင့် ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ ရဲ့ အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဒေါက်တာခင်မောင်လေး ကနေပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကျွန်တော်တို့ လူငယ်တွေရဲ့ Population ပိရမစ်တွေကို ကြည့်မယ်ဆိုလို့ရှိရင် ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ Pilot Census ကနေပြီးတော့ တွေ့ရှိထားတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီဘက်က ယောက်ျားလေး ဟိုဘက်က မိန်းကလေးဖြစ်ပြီးတော့ ဒီအုပ်စုဟာ ကျွန်တော်တို့ အသက်(၁၅)နှစ်နဲ့ (၂၉)နှစ်ကြားအုပ်စုဟာ ဒီပိရမစ်အရ ကျွန်တော်တို့ (၂၅.၈၅)ရာခိုင်နှုန်း ရှိပြီးတော့ တကယ်လို့ ကျွန်တော်တို့ အသက်(၃၀)အထိ ယူမယ်ဆိုလို့ရှိရင် (၃၀) ရာခိုင်နှုန်းလောက် ရှိတဲ့အုပ်စုပဲ ဖြစ်ပါတယ်။ ဒီပိရမစ်မှာ ကြည့်မယ်ဆိုရင် အောက်ခြေမှာ မွေးနှုန်းတွေကျဆင်းနေတာကို တွေ့ရပါတယ်။ သို့သော်ငြားလည်းပဲ အလုပ်လုပ်ကိုင်နိုင်တဲ့ လူအင်အားကိုကြည့်မယ်ဆိုရင်တော့ လူဦးရေစုလဒ်ဆိုတဲ့ Population Bonus ကို ရရှိမှာဖြစ်ပါတယ်။ ဒီတော့(၁၆)နှစ်ကနေပြီးတော့ (၃၀)နှစ်ကြားမှာရှိတဲ့ လူငယ်တွေရဲ့ Situation ဒါလေးကို ကြည့်မယ်ဆိုလို့ရှိရင် ဒါလေးဟာ ကျွန်တော်တို့ မိရိုးဖလာစကားအရ ပြောရမယ်ဆိုလို့ရှိရင် ပညာသင်ကြားနေတဲ့ အရွယ်ထဲမှာ ပါသလို ကျွန်တော်တို့ စီးပွားရှာတဲ့ အရွယ်ထဲမှာပါနေတဲ့ အရွယ်တွေလည်း ရှိပါတယ်။ ပညာသင်တဲ့အထဲမှာ ဆိုလို့ရှိရင်လည်း (၁၆)နှစ်ကျော်သွားတာနဲ့ အဆင့်မြင့်ပညာတွေ အသက်မွေးဝမ်းကျောင်းပညာတွေ၊ နည်းပညာနေရာမှာ ရောက်ရှိနေတဲ့ လူငယ်များရှိသလို လုပ်ငန်းခွင်ထဲကို ရောက်ရှိနေတဲ့ အစိုးရဝန်ထမ်း ကုမ္ပဏီဝန်ထမ်း လယ်ယာကိုင်းကျွန်း စသည်ဖြင့် စက်ရုံအလုပ်ရုံဝန်ထမ်း နောက် အခြားလုပ်ငန်းခွင်တွေ ပြည်ပအလုပ် လုပ်ကိုင်နေသူ စတဲ့လုပ်ငန်းခွင်မှာ ဝင်ရောက်နေတဲ့ ပုဂ္ဂိုလ်များလည်း ရှိပါတယ်။

နောက် အလုပ်လက်မဲ့များဆိုတဲ့ နေရာမှာလည်းပဲ ကျွန်တော်တို့ ပညာရေး အဟောသိကံဖြစ်ပြီးတော့ ကျွန်တော်တို့ အလုပ်လက်မဲ့ရှိနေတဲ့ ပုဂ္ဂိုလ်များရှိသလို ပညာသင်ကြားပြီးတော့ လုပ်ငန်းခွင်မှာ မဝင်ရောက်သေးတဲ့ လူငယ်များလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးပေါ့။ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ မိရိုးဖလာအတိုင်းပဲ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်အချက်အလက်တွေက လွှမ်းမိုးထားသလဲ ဒီမှာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ ဆိုတဲ့ အချက်ကြီးငါးချက်ကို လွှမ်းခြုံပြီးတော့ လွှမ်းမိုးထားတဲ့ အချက်အလက်တွေကတော့ ပညာရေးမှာဆိုလို့ရှိရင် သူတို့ရဲ့ အသိပညာ အတွေးအခေါ် စသည်ဖြင့် ဒီဟာတွေဟာ တိုးတက်မှုဟာ လွှမ်းမိုးထားသလို ကျန်းမာရေးမှာ ဆိုလို့ရှိရင်လည်း ကြံ့ခိုင်သန်စွမ်းမှု ကိုယ်အင်္ဂါ ချို့ယွင်းမှု စသည်ဖြင့် ဒါတွေဟာ လွှမ်းမိုးထားတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုလို့ရှိရင်လည်းပဲ ကြံ့ခိုင်သန်စွမ်းတဲ့ အနေအထားမှာ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးရဲ့

နယ်လှည့်ခရီးစဉ်ထဲမှာ နိုင်ငံတော်သမ္မတကြီး ပြောကြားတဲ့ အထဲမှာ ပါပါတယ်။ ကျွန်တော်တို့ လူတွေရဲ့ ဖွံ့ဖြိုးကြီးထွားမှုနှုန်းဟာ နည်းပါးတဲ့အတွက်ကြောင့်လည်းပဲ နိုင်ငံတကာနဲ့ ယှဉ်တဲ့အခါမှာ Sea Game လိုနေရာမျိုးမှာ တချို့နေရာတွေမှာ အားနည်းချက်တွေ ရှိတယ်လို့လည်း ပြောပါတယ်။

နောက်တစ်ချက်အနေနဲ့ ကလည်းပဲ ကျွန်တော်တို့ လူမှုရေးနဲ့ ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့ရဲ့လူမှုဆက်ဆံရေးတွေ၊ စရိုက်လက္ခဏာတွေ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေ၊ ပြည်သူ့နီတိ စသည်ဖြင့် ဒါတွေကလည်းပဲ ကျွန်တော်တို့ လူမှုရေးနဲ့ပတ်သက်တဲ့ မိတ္တဗလနဲ့ စာရိတ္တမှာ ဒါတွေကလည်း လွှမ်းမိုးထားတာ ရှိပါတယ်။

စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ဘောဂဗလပေါ့ ဒီမှာလည်းပဲ လူတွေရဲ့ အလုပ်အကိုင် စားဝတ်နေရေးဖူလုံမှုစသည်ဖြင့် ဒါတွေဟာလည်းပဲ သူတို့ရဲ့ ဗလငါးတန်ပြည့်ဝမှုမှာ လွှမ်းမိုးထားတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ဝန်ကြီးဌာနများကနေပြီးတော့ကာ လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ရှုထောင့်မျိုးစုံကနေပြီးတော့ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များချမှတ်ပြီးတော့ ဆောင်ရွက်နေတဲ့ အနေအထားမျိုးတွေရှိပါတယ်။ ဒီနေရာမှာ တိုက်ရိုက်လူငယ်တွေပေါ်မှာ အကျိုးရှိသလို ကျွန်တော်တို့ သွယ်ဝိုက်သော နည်းအားဖြင့်လည်း အကျိုးသက်ရောက်မှုတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကို ပေးထားတဲ့ မူဝါဒရည်မှန်းချက် လုပ်ငန်းစဉ်များမှာပါတဲ့ ဝန်ကြီးဌာနတွေရဲ့ အစဉ်လိုက်တိုင်းပဲ ကျွန်တော်ဆွေးနွေးသွားပါမယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရဲ့ မူဝါဒထဲမှာဆိုလို့ရှိရင်လည်းပဲ စားနပ်ရိက္ခာဖူလုံရေးဆိုတဲ့ Food Security ဒါ အင်မတန်မှ အရေးကြီးပါတယ်။ အစားအသောက်တွေကလည်း ဘေးကင်းမှုရှိဖို့ ဒါဟာလည်းပဲ လူငယ်တွေပေါ်မှာ တိုက်ရိုက်အကျိုးရှိပါတယ်။

နောက်တစ်ချက်ကလည်းပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်တဲ့အတွက်ကြောင့် လူငယ်ဆိုသည်မှာ ကျေးလက်ဒေသတွေမှာလည်း ရှိနေတာဖြစ်သည့်အတွက်ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးလာသည်နှင့်အမျှ လူငယ်တွေရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ဆိုတဲ့ဥစ္စာလည်းပဲ ဒီလုပ်ငန်းစဉ်ထဲမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီတော့ ပညာရေးကတော့ ဒါကတော့ ရှေ့မှာရှိတဲ့ ကိုယ်စားလှယ်ကြီးများဖောင်းပေးပြီးတော့ ဆွေးနွေးသွားတဲ့အထဲမှာ ပညာရေးကို ဖောင်းပေး ဆွေးနွေးသွားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူငယ်တွေရဲ့ တည်ရှိနေတဲ့ ဘက်စုံအတွေးအခေါ် အယူအဆတွေ မှန်ကန်ပြီးတော့ အကျင့်စာရိတ္တကောင်းမွန်ပြီးတော့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကျင့်စဉ်နဲ့ ပြည်သူ့နီတိ နားလည်တဲ့ နိုင်ငံကြီးသားပီသတဲ့ ဗလငါးတန်ပြည့်ဝတဲ့လူတွေ တီထွင်ဖန်တီးနိုင်စွမ်းရှိသူများဖြစ်အောင် နိုင်ငံတကာအဆင့်မီ ရှေ့ကပုဂ္ဂိုလ်များလည်း နိုင်ငံတကာနဲ့ ယှဉ်ပြီးတော့ ဆွေးနွေးသွားကြပါတယ်။ ကျွန်တော်တို့ ပညာရေးဌာနကလည်း မူဝါဒ(ဃဃ)မှာ ချမှတ်ပြီးတော့ သူတို့ဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒ ချမှတ်ထားတာတွေ ရှိပါတယ်။

အဲဒီတော့ သူ့ရဲ့ မူဝါဒထဲမှာပဲ ဒီမှာ ကျွန်တော် အကြိုက်နှစ်သက်ဆုံးလေးကတော့ Life-Long Education ပါ။ လူတွေဟာ ဘာပဲဖြစ်ဖြစ် ပညာစပြီးတော့ သင်တဲ့အချိန်ကနေစပြီးတော့ မသေမချင်း ဒါဟာ ဘဝတစ်သက်တာမှာ လေ့လာသင်ယူနေရမယ်ဆိုတဲ့ နိယာမဟာပညာရေးဌာနရဲ့ မူဝါဒ အင်မတန်ကောင်းတဲ့မူဝါဒဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဘဝတစ်သက်တာလုံးမှာ သူ့ရဲ့အသက်အရွယ်

အလိုက် ဖြစ်ဖို့အတွက်ကို ပညာရေးဌာနအနေနဲ့လည်း ကြိုးပမ်းဆောင်ရွက်ပေးနိုင်ပါစေလို့လည်း ဒါ ဆုတောင်းရမှာပါ။

နောက်တစ်ချက်က ကျန်းမာရေးပါ။ ဒီထဲမှာ ကျွန်တော်အကြိုက်ဆုံးလေးကတော့ ကျန်းမာရေး ဆိုတာဟာ မိခင်ကနေစပြီးတော့ မွေးကင်းစကလေးဘဝ ကာလများ အပါအဝင် ဘဝသက်တမ်း တစ်လျှောက်ကို ဆိုပါတယ်။ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့လူငယ်တွေကို လွှမ်းမိုးထားတဲ့ ကျန်းမာရေးနဲ့ ပတ်သက်လာတဲ့ လူရွယ်တွေပေ့ါလေ အချက်အလက်တွေကတော့ ဘာလဲဆိုတော့ Reproductive Health ဆိုတဲ့ ကျွန်တော်တို့ ခုနပြောတဲ့ မျိုးဆက်ပွားကျန်းမာရေးတွေ HIV, AIDS ရောဂါတွေ အာဟာရ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့ သော်လည်းကောင်း၊ ဒီနေရာမှာ အာဟာရဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ပြောရ မယ်ဆိုလို့ရှိရင်လည်းပဲ ခုနနိုင်ငံတော်သမ္မတကြီးဟာ ခန္ဓာကိုယ်ကြီးထွားကြံ့ခိုင်မှုအတွက်ကို ကျောင်းသူ/ ကျောင်းသားအရွယ်ထဲကနေပြီးတော့ နွားနို့တိုက်ကျွေးဖို့ ခုတော့ ကျွန်တော်တို့ နိုင်ငံအနေအထား ကလည်း နွားနို့တိုက်ကြတယ် ဆိုတဲ့ဥစ္စာလည်း Sponsor ကောင်းကောင်းရှိတဲ့ မြို့ကြီးပြကြီးတွေ ဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စတဲ့ တစ်ဝိုက်လောက်မှာပဲ ကလေးဘဝထဲကနေ နွားနို့တွေ တိုက်ကျွေး နေပေမယ့် တကယ့်တကယ်ကျတော့ ကျေးလက်ဒေသတွေမှာရှိတဲ့ ကလေးများလည်းပဲ အဟာရပြည့်ဝ ဖို့ရာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီမှာတစ်ခါထပ်ပြီးတော့ကာ ကျန်းမာရေးဌာနရဲ့ စောင့်ရှောက်မှု တွေကို ကြည့်မယ်ဆိုလို့ ရှိရင်လည်းပဲ သူတို့မှာမွေးကင်းစ ကလေးမှာလည်း မွေးကင်းစကလေးနဲ့ ပတ်သက်တဲ့ စီမံချက် နောက်တစ်ခါ ကျွန်တော်တို့ Under 5 ဆိုတဲ့ (၅)နှစ်အောက်ဆိုလည်း (၅)နှစ် အောက်ရှိတဲ့ ကလေးနဲ့ပတ်သက်တဲ့စီမံချက် နောက်တစ်ခါကျတော့ ပညာသင်ကြားနေတဲ့ အခြေခံအဆင့် မှာလည်း ကျောင်းသူ/ကျောင်းသားတွေ (၁၅)နှစ်၊(၁၆)နှစ်ထိ ကျောင်းကျန်းမာရေးစီမံချက်တွေ ကျွန်တော် တို့ချပြီးတော့ ဆောင်ရွက်နေပေမယ့် လူငယ်တွေနဲ့ပတ်သက်လာတဲ့ ခုနပြောတဲ့ စိန်ခေါ်မှုတွေနဲ့ တွေ့ကြုံ နေရတဲ့ အချက်အလက်တွေ ကျတဲ့အခါကျတော့ လူငယ်လူရွယ်ကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စောင့်ရှောက်မှု စီမံချက်ဆိုတဲ့ဥစ္စာမရှိသေးတဲ့ အနေအထားမျိုးလည်း ရှိပါတယ်။

သိပ္ပံနဲ့နည်းပညာဌာနရဲ့ ရည်မှန်းချက်မှာ ကြည့်မယ်ဆိုရင်လည်းပဲ သူဟာလည်းပဲ လုပ်ငန်း အသစ်တွေပေါ်ထွန်းဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်ဖို့ နည်းပညာရှင်တွေ မွေးထုတ်မယ် ဆိုတဲ့ဥစ္စာဟာလည်း ဒါအင်မတန် ကောင်းမွန်တဲ့အချက် ဖြစ်ပါတယ်။ ဗလငါးတန်ဖွံ့ဖြိုးရေးမှာ ခုနပြောတဲ့ ပညာရေးနဲ့ သူ့ရဲ့ စီးပွားရေးပေ့ါ။ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင်တော့ သင်ကြားနေတဲ့ ပညာနဲ့ အလုပ်လုပ်တဲ့ လုပ်ငန်းခွင်ပေ့ါ၊ ဒါလေးကို ကျွန်တော်တို့ ပညာရှင်စကားအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် World of Education, World of Work ဒီဥစ္စာလေးဟာ သဟဇာတဖြစ်နေဖို့ အရေးကြီးပါတယ်။

အဲဒီတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မူဝါဒပါ။ ဒီထဲမှာ ကောက်နုတ်ပြောရမယ်ဆို့လို့ ရှိရင်တော့ ပြည်သူကိုဗဟိုပြုတဲ့ ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးပေ့ါ ဆိုတော့ ကျွန်တော်တို့ လူငယ်လူရွယ်တွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို သူ့ရဲ့လူငယ်တွေရဲ့ အလွှာအလိုက်ပေ့ါ၊ တောမှာနေတယ်ဆိုလို့ရှိရင်လည်း တောမှာနေတဲ့ လူငယ်တွေအလိုက် အလုပ်လက်မဲ့ဖြစ်နေတဲ့ လမ်းပေါ်ရောက်နေတဲ့ ကလေးဆိုရင်လည်း အလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေဆီ ရောက်အောင်လို့ ဒီအသိပညာပေါင်းစုံပေ့ါလေ၊ ဗလငါးတန်နဲ့ ပတ်သက်တဲ့ အသိပညာပေါင်းစုံကို သင့်လျော်တဲ့ မီဒီယာတွေကနေပြီးတော့ သူတို့ဆီကိုအချက်အလက်

တွေ ပြည့်ပြည့်စုံစုံ ရောက်သွားဖို့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ မူဝါဒချမှတ်ထားတဲ့ဥစ္စာက အင်မတန်ကောင်းပါတယ်။ သို့သော်ငြားလည်းပဲ ဒီဥစ္စာတွေကို အချက်အလက်တွေ ရောက်သွားအောင် ဆောင်ရွက်တဲ့နေရာတွေမှာ တကယ်ရော ရောက်ကောရောက်နေပြီလားဆိုတဲ့ အပိုင်းတွေကလည်းပဲ ဒါဟာသုတေသနပြုပြီးတော့ကာ လေ့လာသုံးသပ် ဖော်ထုတ်ဖို့ လိုပါတယ်။

အားကစားဝန်ကြီးဌာန ဒါခုနက ရှေ့ကနေပြီးတော့ ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်တွေထဲရော အဆိုတွေထဲမှာလည်း ပါပါတယ်။ တချို့တိုင်းပြည်တွေမှာဆိုလို့ရှိရင် အားကစားဝန်ကြီးဌာနနဲ့ တွဲဖက်ပြီးတော့ကာ Ministry of Youth ကို လုပ်တယ်ဆိုပြီးတော့ ပါပါတယ်။ အဲဒီတော့ ဒီနေရာမှာ စဉ်စားဖို့က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှု တစ်နိုင်ငံလုံး တစ်မျိုးသားလုံး စိတ်ပါဝင်စားစွာ လှုပ်ရှားဖို့ ဆိုတဲ့ဥစ္စာဟာ အခု ကျွန်တော်တို့ Sea Game မှာ ကျွန်တော်တိုနိုင်ငံက အောင်မြင်မှုတွေ ရပါတယ်။ သို့သော်ငြားလည်းပဲ Sea Game မှာရရှိတဲ့ အားကစားသမားတွေဟာ တကယ့်တကယ်ကျတော့ အားလုံးကို လွှမ်းခြုံပြီးတော့ ရွေးချယ်နိုင်တဲ့ အဆင့်မရှိသေးပါဘူး။ ဒီထဲမှာရှိတဲ့ Talent ဖြစ်တဲ့ပုဂ္ဂိုလ်တွေကို ရွေးချယ်ပြီးတော့သာယှဉ်ပြိုင်ကြတဲ့ အနေအထားမျိုးရှိပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ဥစ္စာကတော့ လုပ်ငန်းစဉ်(ကက)မှာပါတဲ့အတိုင်း တစ်မျိုးသားလုံးဟာ ကျန်းမာကြံ့ခိုင်ဖို့အတွက် အားကစားကိုပညာလည်းပေးရမယ်။ အားကစားလုပ်နိုင်အောင်လည်းပဲ ကျွန်တော်တို့လုပ်ပေးဖို့က အားလုံးလည်း ကိုယ်စားလှယ်ကြီးများရဲ့ မြို့နယ်အသီးသီးမှာ ပြန်သွားမယ်ဆိုလို့ရှိရင် မြို့နယ်အားကစားပြိုင်ပွဲတွေ မကျင်းပနိုင်တဲ့ မြို့နယ်တွေ အများကြီးရှိပါတယ်။ ခုနကပြောတဲ့ စေတနာရှင်၊ ဝါသနာရှင်ကောင်းတဲ့ မြို့နယ်များလောက်သာ အားကစားပေါင်းစုံမဟုတ်ဘဲနဲ့ လူအများကြိုက်တဲ့ အားကစားတွေလောက်သာ လုပ်ငန်းဆောင်ရွက်နေကြတာ ရှိပါတယ်။ ဒါတွေကလည်း လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။

ယဉ်ကျေးမှု၊ ဒီနေရာမှာဗလငါးတန်နဲ့ပတ်သက်ပြီးတော့ကာ လူတွေရဲ့ ယဉ်ကျေးမှု ကိုယ်ခံအားကောင်းဖို့ ကျွန်တော်တို့ခုနပြောတဲ့ မိတ္တဗလဋီကာမှာ သူ့ရဲ့စာရိတ္တနဲ့ ယဉ်ကျေးမှု ကိုယ်ခံအားကောင်းဖို့က အင်မတန်အရေးကြီးပါတယ်။ အဲဒီတော့ ဒီမှာက ဒီလိုပြုစုပျိုးထောင်ဖို့အတွက် ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ပြတိုက်တွေ စာကြည့်တိုက်တွေအဆင့်မြှင့်တင်တယ်။ နိုင်ငံတော်တစ်ဝှမ်းမှာလည်းပဲ စာကြည့်တိုက်တွေ မြောက်မြားစွာ ကျေးလက်ဒေသဆီ ရောက်အောင်လုပ်ကြတယ်။ ဒီနေရာမှာကျွန်တော်တို့ကတော့ စာကြည့်တိုက်တွေတော့ ဖွင့်တယ်၊ ဖွင့်တဲ့အခါကျတော့ ဒီလူငယ်လူရွယ်တွေကရော ဒီစာကြည့်တိုက်ကို အားထားကြရဲ့လား၊ စာကြည့်တိုက်မှာရော လာရောက်ပြီးတော့ ဖတ်ရှုသူတွေရော ဘယ်လောက်ရှိသလဲ ဒါတွေကလည်းပဲ သုတေသနလုပ်ပြီးတော့ ကျွန်တော်တို့ လုပ်ငန်းစဉ်များ ချမှတ်တဲ့အခါမှာ သုတေသနရလဒ်တွေကနေပြီးတော့ကာ စာကြည့်တိုက်တော့ဖွင့်တယ်၊ ဖတ်မယ့်လူတော့မရှိဘူး။ ဘာကြောင့်လဲ ဒါမျိုးလေးတွေကစပြီးတော့ကာ သုံးသပ်ဖို့လိုပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ ဒါဟာလည်းပဲ ဗလငါးတန်မှာပါတဲ့ ဘောဂ၊ ဒီဘောဂ ဒီလူဟာပညာတော့တတ်မယ်၊ အလုပ်လုပ်မယ် ပညာမတတ်ပေမယ့်လည်း လုပ်နိုင်တဲ့ အလုပ်တွေအများကြီးရှိပါတယ်။ အလုပ်လုပ်တဲ့အခါမှာလည်း လုပ်ငန်းခွင် ပျော်ရွှင်ဖို့အတွက် အလုပ်ရှင်နဲ့ အလုပ်သမားကြား ဆက်ဆံရေးဘာညာ ဆိုပြီးတော့ကာ အခု ဒါတွေကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မူဝါဒချတာ အင်မတန်ကောင်းပါတယ်။

သို့သော်ငြားလည်းပဲ လက်ရှိအနေအထားအရကတော့ လုပ်ငန်းခွင်တွေမှာ လုပ်ငန်းခွင်ပျော်ရွှင်မှု အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ဆက်ဆံရေးမကောင်းမှုတွေ ရှိနေသေးတယ်ဆိုတဲ့ အချက်အလက်တွေကလည်း ဒါတွေဟာလည်း အလေးထားပြီးတော့ အကြောင်းရှာပြီးတော့ ဒါတွေကိုဖြည့်တင်းပေးဖို့ လိုအပ်ပါသေးတယ်။ ဒီမှာပဲ ထပ်ပြီးတော့ ရည်မှန်းချက်တွေပေါ့ ဒီနေရာမှာ ခုနပြောသလို ဒီအလုပ်အကိုင်လည်း မရှိဘူး။ ပညာလည်း တစ်ပိုင်းတစ်စ ဖြစ်ရင်ဖြစ်မယ်၊ ပညာလည်း သင်ကြားပြီးရင်လည်းဖြစ်မယ်၊ ဒီမှာအဟောသိကံဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် Labour Market တွေ စနစ်တကျရှိလာဖို့ဆိုတဲ့ ရည်မှန်းချက်လည်း အင်မတန်ကောင်းပါတယ်။ ပြည်ပတွင်းမှာသာမကဘဲနဲ့ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖို့ဆိုတဲ့ ရည်မှန်းချက်လည်း အင်မတန်ကောင်းပါတယ်။ နောက်တစ်ခါ Health and Insurance ပေါ့၊ ကျန်းမာမှ အလုပ်လုပ်နိုင်မယ် တကယ့်တကယ်တော့ လူတွေဟာ ဒီကနေ့ဝန်ထမ်းလောကပဲဖြစ်ဖြစ်၊ ပြင်ပလောကပဲဖြစ်ဖြစ် လူတွေဟာစားဝတ်နေရေးအတွက် စီးပွားရေးကိုတောင်မှပဲ ကြိုးစားပမ်းစားရှာဖွေလုပ်ကိုင် စားသောက်နေရတဲ့ အနေအထားမျိုးကို လူတွေအကြောက်ရွံ့ဆုံးက မကျန်းမာမှုကို အကြောက်ရွံ့ဆုံးပဲ ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်လာလို့ရှိရင် စရိတ်စကကြီးမြင့်လာတဲ့ အခြေအနေမျိုးတွေမှာ ကျန်းမာရေးဌာနအနေနဲ့ကလည်း တစ်ဖက်တစ်လမ်းကနေပြီးတော့ ကျန်းမာရေးစရိတ်စကတွေ ကျဆင်းအောင်လို့ ဆောင်ရွက်နေသည်နဲ့အမျှ ဒီထက်ပိုမိုကောင်းမွန်တဲ့ Health and Insurance System တွေပေါ်ပေါက်လာမယ်ဆိုရင်တော့ ဒါဟာဆိုလို့ရှိရင် လုပ်ရကိုင်ရတဲ့ လူနေမှုဘဝတွေလည်း တိုးတက်ကောင်းမွန်လာမှာပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ လုပ်ငန်းစဉ်ထဲမှာလည်း ခုန သူကတော့ တချို့လုပ်ငန်း စဉ်တွေကတော့ သူတို့မူဝါဒတွေ ရည်မှန်းချက်တွေကို မူဝါဒစီမံချက်နဲ့ စီမံကိန်းများစာအုပ်ဆိုတဲ့ ဒီစာအုပ်ကို လေ့လာကြည့်တဲ့အခါကျတော့ ဝန်ကြီးဌာနတစ်ခုနဲ့ တစ်ခုဟာ တချို့နေရာတွေကျတော့ မူဝါဒမှာ ကျယ်ပြန့်တယ်။ နောက်တစ်ခါကျတော့မှ ရည်မှန်းချက်ကျမှ တချို့နေရာလေးတွေမှာ ကွက်ဖော်ပြတယ်။ တချို့နေရာတွေကျတော့လည်းပဲ ရည်မှန်းချက်တွေပေါ်အောင် လုပ်ငန်းစဉ်တွေ ထည့်တဲ့အခါကျတော့ တချို့လုပ်ငန်းစဉ်တွေက ရည်မှန်းချက်နဲ့ နည်းနည်းလေး ကွျန်တော်တို့ ဖတ်ရှုရတဲ့ အနေအထားအရ အစပ်အဟပ်တွေ မတွေ့ရပေမယ့် ဒီ ဝန်ကြီးဌာနအနေနဲ့ကတော့ သူ့ရဲ့ ရည်မှန်းချက်အတိုင်းကို လုပ်ငန်းစဉ်မှာလည်း ပြန်ပြီးတော့ ဒါကိုပြန်လည်ပြီးတော့ ဖော်ပြထားတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ (၄၄)မှာပါတဲ့ အခမဲ့ခိုင်းစေမှု ဒီဥစ္စာကလည်းပဲ အင်မတန်မှ အရေးကြီးပါတယ်။ လူငယ်လူရွယ်တွေကို အိမ်ဖော်၊ ကလေးစစ်သား၊ ခုနပြောတဲ့ လူမှောင်ခိုစသည်ဖြင့် ဒါတွေအခမဲ့ကိစ္စတွေ ပပျောက်ဖို့အတွက်လည်းပဲ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်မယ်ဆိုတဲ့အတွက်ကြောင့်လည်းပဲ ဒါ ဝမ်းသာစရာပဲ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး များသောအားဖြင့်တော့ လူမှုဝန်ထမ်းဌာနဟာ သူ့ရဲ့ရည်မှန်းချက်ကတော့ အင်မတန်မှမြင့်မားပါတယ်။ ရိုးရာလူမှုရေးအစဉ်အလာကောင်းတွေကို ထိန်းသိမ်းပြီးတော့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီးတော့ ပညာရည်မြင့်မားရေးမှာ လူမှုရေးချို့တဲ့ တဲ့လူတွေပေါ့၊ မသန်စွမ်းတဲ့ပုဂ္ဂိုလ်တွေ ပါဝင်လာဖို့အတွက်စွမ်းဆောင်နိုင်ရေးကို မူဝါဒချမှတ်ထားပါတယ်။ ဒီတော့သူ့ဆီမှာပဲ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာတွေမှာ အစိုးရအဖွဲ့အစည်းတွေတင်မကဘဲနဲ့ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်တွေ NGO၊ INGO တွေ၊ နောက်တစ်ခါကျတော့

UN Agency တွေ၊ နောက်တစ်ခါကျတော့ International Organization မှာရှိတဲ့ အဖွဲ့အစည်း အသီးသီးနဲ့ ပူးပေါင်းကူညီမှုလည်းပဲ ဒီလုပ်ငန်းဟာ အောင်မြင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါလေးကို လည်းပဲ သူက ဆောင်ရွက်မယ်ဆိုတဲ့ မူဝါဒလေးချမှတ်ထားတဲ့ အတွက်ကြောင့် အင်မတန်ကောင်းပါတယ်။ အဲဒီနေရာမှာပဲ တစ်ခါထပ်ပြီးတော့ ကလေးသူငယ်များ အမျိုးသမီးများ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို များမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းစဥ်ထဲမှာကိုက သက်ကြီးရွယ်အို ဆိုလို့ရှိရင် ဘယ်လောက်ထောက်ပံ့မယ်။ မသန်စွမ်းတဲ့သူ ဆိုလို့ရှိရင် ဘယ်လောက် ထောက်ပံ့မယ်။ ဆွံ့အနားမကြား ဘယ်လောက်ထောက်ပံ့မယ်ဆိုပြီးတော့ လုပ်ငန်းစဥ်ထဲမှာကိုက ငွေရေး ကြေးရေး Amount ဖော်ပြပြီးတော့ ဆောင်ရွက်ထားတယ်။ သို့သော်ငြားလည်းပဲ လူငယ်လူရွယ်တွေနဲ့ အခန်းကဏ္ဍမှာတော့ ငွေကြေး ဘယ်လောက်သုံးမယ် ဆိုတဲ့ဥစ္စာကို ဖော်ပြမထားတာကို တွေ့ရှိရပါတယ်။

အဲဒီတော့ ဒါကတော့ ကျွန်တော်တို့လွှတ်တော်ရုံးပါ။ ဒီမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်ရဲ့တူညီတဲ့ မူဝါဒနဲ့ ရည်မှန်းချက်ပါ။ ဒီစကားလေးကို ကျွန်တော်က တူညီတယ်ဆိုတဲ့စကားလုံး သုံးတဲ့နေရာမှာလည်းပဲ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေရဲ့ ရည်မှန်းချက်အပိုင်းမှာ ပြည်သူ့လွှတ်တော်က တစ်ချက်ပိုပါတယ်။ ဒါလေးတော့ ထားလိုက်ပါ။ အဲဒီတော့ ဒီမှာတူညီတဲ့အချက် ကတော့ ဘာပဲဖြစ်ဖြစ် ပြည်သူကိုဗဟိုပြုတဲ့ ခေတ်တွေစနစ်တွေနဲ့ကိုက်ညီတဲ့ ဥပဒေပြုဌာန်းရင် ဒါမနက်က ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ပြောသွားတဲ့ အထဲမှာလည်း ပါပါတယ်။ လူငယ်လူရွယ်တွေနဲ့ ပတ်သက်တဲ့ ဥပဒေပြုဌာန်းဖို့ လိုတယ်ဆိုတဲ့အချက် ဒါ ကျွန်တော်တို့ လွှတ်တော်ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီကနေ့အဆိုရဲ့ အဓိကအချက်ဖြစ်တဲ့ အဖွဲ့အစည်းအသီးသီးကို ကျွန်တော် တို့က Integrated Approach နဲ့ လုပ်နိုင်ဖို့အတွက် အဖွဲ့အစည်း၊ ကော်မတီ၊ ကော်မရှင်၊ ဝန်ကြီးဌာန ဆိုတဲ့နေရာမှာလည်း ဒါ ကျွန်တော်တို့ လွှတ်တော်ရဲ့ အနေအထားမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဆိုတဲ့ ကျွန်တော်တို့လွှတ်တော်ရဲ့ ရည်မှန်းချက်ဟာ အင်မတန် မှကို ဂုဏ်ယူဖွယ်ရာကောင်းတဲ့ အချက်ပဲ ဖြစ်ပါတယ်။

ပြည်ထဲရေးဌာနပါ။ ပြည်ထဲရေးဌာနကတော့ သူတို့ကတော့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်မယ်၊ ဒါကတော့အားလုံးကိုခြုံပါတယ်။ ရည်မှန်းချက်ထဲမှာကျတဲ့အခါ ကျတော့ သူ့ရဲ့ဌာနအလိုက်ကလေးတွေမှာလူငယ်တွေအပေါ်မှာ အကျိုးသက်ရောက်တဲ့ ဒီမူးယစ်ဆေးဝါး အန္တရာယ် ဒါကလည်းပဲ ဒီကနေ့ အရက်၊ ဆေးလိပ် သမ္မတကြီး ပြောတဲ့အထဲမှာလည်း ပါပါတယ်။ သူ နိုင်ငံတော်နယ်လှည့်တဲ့အခါမှာ နိုင်ငံတော်မှာ အရက်သောက်တဲ့သူတွေဟာ တော်တော်များနေပါလား ဆိုတဲ့အချက်ပါ။ ဒါကလည်းပဲ မူးယစ်ဆေးဝါးထဲမှာ အရက်အစ၊ ဆေးလိပ်အစ၊ မူးယစ်ဆေးဝါးအဆုံး ပေါ့လေ။ လူငယ်တွေနဲ့ပတ်သက်လာတယ် ဆိုလို့ရှိရင်လည်းပဲ ဒီမူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးဟာ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ရဲ့အလုပ်ဟာ အင်မတန်ကောင်းမွန်သလို၊ အထွေထွေအုပ်ချုပ်ရေး ကတော့ ဒေသဖွံ့ဖြိုးရေးဆိုတာ အကုန်လုံးပါသွားမယ်။ အကျဥ်းဦးစီးဌာနကျတော့ကာ အခုနကပြောတဲ့ အန္တရာယ်ကိုရောက်ရှိနေကြတဲ့ လူငယ်၊ လူရွယ်တွေရဲ့အကျင့်စာရိတ္တ ပြုပြင်ပြောင်းလဲရန်ဆိုတဲ့ ရည်မှန်း ချက်ကလည်း အင်မတန်ကောင်းပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနဆိုလို့ရှိရင်လည်းပဲ နယ်စပ်ဒေသမှာနေတဲ့ တိုင်းရင်းသားလူငယ်များ တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီးတော့ နယ်စပ်ဒေသမှာရှိတဲ့ လူငယ်တွေဘဝ နောင်ရေးအတွက် အခြေခံပညာတွေ၊ အဆင့်မြင့်ပညာတွေ၊ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေကို သင်ကြားပေးမယ်ဆိုတာဖြစ်သည့် အတွက်ကြောင့် လူငယ်တွေအားလုံးရဲ့တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးကို လွှမ်းခြုံတဲ့ လူငယ်တွေအားလုံးအတွက် ဒါ ရည်မှန်းချက်က အင်မတန်မှကိုပဲ ကောင်းမွန်ပါတယ်။ အဲဒီတော့ စီမံ/စီးပွားကလည်းကျွန်တော်တို့ ဒီအခုနကပြောတဲ့ ပြည်ပအဖွဲ့အစည်းတွေနဲ့ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုပြီးတော့ နယ်ပယ်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးဖို့အတွက် ကျွန်တော်တို့ အဓိက လိုအပ်နေတဲ့ ပြည်ပငွေကြေးအကူအညီ အထောက်အပံ့၊ ကျွမ်းကျင်မှု ဒါတွေလည်း လိုအပ်ပါတယ်။

ရှေ့က ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့အထဲမှာ နိုင်ငံတကာ ကျွန်တော်တို့ ရင်နှီးမြှုပ်နှံ။ နောက် သမဝါယမ ဆိုလို့ရှိရင်လည်း Proverty Reduction ကနေပြီးတော့ ဦးတည်ထားပါတယ်။ ကျွန်တော်တို့ စီးပွား/ကူးသန်းမှာ ဆိုလို့ရှိရင်လည်း food security နဲ့ပတ်သက်ပြီးတော့ ကုန်ဈေးနှုန်းတည်ငြိမ်ရေးဆိုတဲ့အတိုင်းပဲ၊ တစ်ဖက်ကလည်း လစာတိုးတယ် တစ်ဖက်ကလည်း ဈေးနှုန်းလိုက်မတိုးဖို့အတွက် ဒါကိုလည်းသူတို့လုပ်မယ်လို့ ပြောထားတဲ့အတွက်ကြောင့် လုပ်ငန်းခွင်ဝင်နေတဲ့ လူငယ်တွေအတွက် ဒါအင်မတန်မှ အကျိုးရှိပါတယ်။ အဲဒီတော့ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဒါတွေကတော့ အထူးပြောစရာမလိုပါဘူး။ ဒီထဲမှာ High light လုပ်ကြမယ် ဆိုလို့ရှိရင်တော့ကျွန်တော်တို့ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့တွေကလုပ်တဲ့ Dhamma School တွေ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ နောက်စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ၊ သာရေးနာရေးအသင်းတွေ၊ ဒီမှာ ချီးကျူးဖို့ကောင်းတာက သာရေးနာရေးအသင်းတွေထဲမှာ သွေးသန့်လူငယ် စသည်ဖြင့် လူငယ်များရဲ့စာရိတ္တပျက်ပြားရာ ပျက်ပြားကြောင်း ဥစ္စာတွေအားလုံးဟာ ဒီကနေ့ သာရေးနာရေးအသင်းမှာ လုပ်နေတဲ့ လူငယ်တွေဟာ ကျွန်တော်ကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့အတွက်ကြောင့် လူငယ်တွေကို ဆွဲပြီးတော့သိမ်းသွင်းတဲ့နေရာမှာ သွေးသန့်လူငယ်ဆိုတဲ့သီချင်း သူတစ်ပါးကို သွေးလှူချင်လို့မှ ကိုယ့်ဆီမှာ ABCD ဆိုတဲ့ ပိုးတွေရှိနေလို့ရှိရင်၊ မလှူနိုင်တဲ့ ဘဝမျိုးကနေပြီးတော့မှ သူများကို သွေးလှူချင်တဲ့စိတ် ပေါ်လာလို့ရှိရင် သွေးသန့်လူငယ်တွေ ဖြစ်လာအောင် ဆွဲဆောင်တဲ့နေရာမှာလည်းပဲ ဒီ NGO အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍဟာ အင်မတန်မှ အရေးကြီးသလို ကျန်တဲ့အနုပညာဆိုင်ရာ အသင်းအဖွဲ့တွေပဲဖြစ်ဖြစ်၊ မီဒီယာများရဲ့ အခန်းကဏ္ဍဖြစ်ဖြစ်၊ ဒါတွေကလည်း လူငယ်တွေကို လွှမ်းမိုးနေတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ အင်မတန် ကောင်းမွန်ပါတယ်။ နိဂုံးချုပ်ပါတော့မယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဟာ နိုင်ငံတကာမှာ လူငယ်သူငယ်များနဲ့ ယှဉ်တွဲပြီးတော့ ရင်ပေါင်တန်းနိုင်တယ်ဆိုတဲ့ အချက်ကလည်း တစ်ချက်ဖြစ်သလို ကျွန်တော်တို့လူငယ်တွေအားလုံးကိုယ်၌ကကိုယ်က ကိုယ့်ရဲ့ ပြည်တွင်းမှာလည်းပဲ ကျန်းမာကြံ့ခိုင်ပြီးတော့ မိမိကိုယ်ကိုမိမိ ယုံကြည်မှု အပြည့်အဝရှိပြီးတော့မှ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ လူငယ်လူရွယ်များကို မွေးထုတ်ပေးဖို့က၊ လေ့ကျင့်ပေးဖို့က အင်မတန်အရေးကြီးတဲ့အတွက်ကြောင့် ဒီဝန်ကြီးဌာနအသီးသီးအနေနဲ့ လုပ်ငန်းစဉ်တွေမှာ လူငယ်တွေကို ဦးတည် အုပ်စုတစ်ခု ထားရမယ်။ ဝန်ကြီးဌာနအားလုံးကို ကျွန်တော် High light လုပ်ပြသွားပါတယ်။ သို့သော်ငြားလည်းပဲ လူငယ်တွေကို ထပ်ပြီးတော့ ဦးတည်အုပ်စုတစ်စု ထားပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်သွားရမှာဖြစ်သလို ပြည်ထောင်စုအဆင့်အနေနဲ့လည်းပဲ ဒီအခုနကပြောတဲ့ ဒီ အာဆီယံ၊ အာရှနိုင်ငံတွေလို လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီ

သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကတော့ လိုအပ်သလိုဖွဲ့စည်းပြီးတော့ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ဆောင်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းသွားတဲ့အဆိုကို အလေးအနက်ထောက်ခံရင်းနဲ့ ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၉။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းတဲ့ လူငယ်ရေးရာနဲ့ စပ်လျဉ်းတဲ့ အဖွဲ့အစည်း ပေါ်ပေါက်ရေး၊ လူငယ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးရေးတို့နဲ့ စပ်လျဉ်းတဲ့အဆိုပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုတဲ့ ဆိုရိုးစကားထက် အနာဂတ်တိုင်းပြည်ရဲ့ကံကြမ္မာဟာ လူငယ်များရဲ့လက်ထဲမှာရှိတယ်ဆိုတဲ့ ဆိုရိုးစကားကိုပဲ ပိုပြီး လက်ခံချင်ပါတယ်။ ပိုပြီးလေးနက်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ ယနေ့ လူငယ်စွမ်းအားစုကို ဘယ်လိုဖွံ့ဖြိုးတိုးတက်စေမလဲဆိုတဲ့ မေးခွန်းဟာ ကျယ်ပြန့်တဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက် သာယာဝပြောတာကို မြင်ချင်တယ်ဆိုရင် ယနေ့လူငယ်တွေကို အသိပညာ၊ အတတ်ပညာပြည့်ဝရေး ဆောင်ရွက်ပေးဖို့ လူကြီးတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရမှာ ပိုပြီးတာဝန်အပြည့်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးတွေဟာ ထောင်စုနှစ်ဆီကို ကူးပြောင်းလာတာနဲ့အမျှ အပြောင်းအလဲတွေ မြန်ဆန်လာပါတယ်။ ခေတ်စနစ်ရဲ့ မြန်ဆန်တဲ့အပြောင်းအလဲမှာ လူငယ်တွေဟာ အဆိုးနှင့်အကောင်း ရေစီးကြောင်းမှာ စီးမျောလိုက်ပါဖို့ဟာ ရှောင်လွှဲလို့မရတဲ့ အခြေအနေ ဖြစ်လာပါတယ်။ လူငယ်တွေကို ခေတ်ကာလနှင့်အညီ မပြုပြင်ရင် တိုင်းပြည်ရဲ့ ခေတ်စနစ်အသစ်မှာ မျိုးဆက်ကွာဟမှု ဆက်လက်ဖြစ်ပေါ်နေမှာ ဖြစ်ပါတယ်။

ဒို့နိုင်ငံရဲ့အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လှိုင်းဘောင်ဘင်များကြားမှာ လူငယ်ပေါင်းများစွာ ကိုယ်တိုင်ကူးခတ်ဖြတ်သန်းရင်း ဆယ်စုနှစ်နှစ်ခု၊ သုံးခုလောက် လွန်လာခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် လူငယ်တော်တော်များများဟာ ပညာသင်ကြားမှု အခွင့်အလမ်း အလုပ်အကိုင် ရရှိနိုင်တဲ့ အခွင့်အလမ်း အများအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်း၊ မိမိစွမ်းရည်ကို ထုတ်ဖော်နိုင်မည့် အခွင့်အလမ်းများ တောင်းဆိုသံတွေကို တိုင်းပြည်ရဲ့ နေရာဒေသအနှံ့မှာ ရှိနေတာကို သတိမမူ ဂရုမမြင် ဟန်ဆောင်ပြဖို့ မသင့်လျော်တော့ပါဘူး။ လူကြီးလွှမ်းမိုးရေးဝါဒသဘောမျိုးကို အသေဆုပ်ကိုင်ရင် မျိုးဆက်ကွာခြားမှု ပိုကြီးလေဖြစ်မှာ သေချာပါတယ်။ လူငယ်တွေကို လိုအပ်တဲ့နေရာမှာ နေရာပေးဖို့

အချိန်လည်း ရောက်လာပါပြီ။ ကျွန်တော်တို့ဟာ လူငယ်တွေရဲ့အသံကို နားထောင်ရမှာ ဖြစ်ပါတယ်။ လူငယ်အသံဟာလည်း ပြည်သူ့အသံပဲဖြစ်ပါတယ်။ အရပ်ဒေသအသီးသီးက လူငယ်တို့ရဲ့ဟစ်ကြွေးသံကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးဖို့လိုအပ်ပါတယ်။ ဝေးလံခေါင်ပါးတဲ့နေရာများက လူငယ်လေးတွေဟာ တောတောင်ချောင်းမြောင်း လူနေကကျယ်ပြန့်၊ လူနေကကျဲပါးတော့ တက္ကသိုလ်၊ ကောလိပ်အခြေခံကျောင်းတွေနဲ့ အလှမ်းကွာဝေးလို့ ဖြစ်ပေါ်နေတဲ့အကျိုးဆက်နဲ့အတူ သင်ကြားရေးဆရာ မလုံလောက်မှု၊ အရည်အချင်း ပြည့်ဝတဲ့ဆရာရှားပါးမှု၊ ပညာသင်စရိတ်ကြီးမားမှုဒဏ်တို့ကိုပါ အလူးအလဲခံစားနေရတာ ဖြစ်ပါတယ်။ ဒါကလည်း ပညာရေးအခွင့်အလမ်း ဆုံးရှုံးမှုပဲဖြစ်ပါတယ်။ ပညာရေးကဘဝကို လုံခြုံမှုမပေးနိုင်တော့ပါလားလို့တောင် ခံယူနေကြပြီလို့ ပြောရမှာဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းရဲ့လစာနဲ့ ခံစားခွင့်များဟာလည်း မိသားစုအသက်ရှင် နေထိုင်ရေးအတွက် လုံလောက်မှုမရှိတာကြောင့် နိုင်ငံ့ဝန်ထမ်းဘဝ ရောက်ရှိမှာကိုလည်း စိုးရွံ့နေကြပါတယ်။ ပညာသင်ကြားရေးမှာလည်း မိမိကိုယ်တိုင်ရဲ့ ရွေးချယ်မှုထက် အသိုင်းအဝိုင်းမိဘတို့ရဲ့ တွန်းအားပေးမှုအပေါ်မှာသာ အခြေခံလာတာကိုလည်း တွေ့ရှိရပါတယ်။

ကျောင်းသားလူငယ်များအတွက် ကျောင်းတိုင်းမှာ စာကြည့်တိုက် မရှိသေးပါဘူး။ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေမှာ စာအုပ်လုံလောက်မှု မရှိပါဘူး။ ကွန်ပျူတာအစရှိသော သင်ထောက်ကူပစ္စည်းများ အစုံအလင်နဲ့ သင်ယူနိုင်မှု အခွင့်အရေး မရရှိနိုင်ကြသေးပါဘူး။ တက္ကသိုလ်၊ ကောလိပ်သင်တန်းကျောင်းတွေမှာ E-Library များ ဖွင့်လှစ်ဖို့လိုအပ်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားလူငယ်များဟာ ကျောင်းလည်းပြီး ဘွဲ့လည်းရရော ဘာဆက်လုပ်ရမလဲ ဆိုတဲ့ အသံကလည်း ကျယ်လောင်လာပါတယ်။ ဒါဟာ အလုပ်အကိုင်ရှားပါးမှု သက်သေဖြစ်ပါတယ်။ လူငယ်တွေကို အလုပ်အကိုင် ဖန်တီးပေးမှု အလွန်နည်းပါးတဲ့ သဘောဖြစ်ပါတယ်။ အစိုးရဌာနတွေမှာ အလုပ်နေရာလစ်လပ်မှုနည်းပြီး အလုပ်လျှောက်ထားတဲ့ လူငယ်အင်အားဟာ အလွန်များပြားနေပါတယ်။ အလုပ်လစ်လပ်(၅)နေရာလောက်ပါတယ်ဆိုရင် လျှောက်ထားသူ(၅၀၀)လောက် ရှိနေပါပြီ။ ဒီကြားမှာ အလုပ်ခန့်ထားခြင်းနှင့် ပတ်သက်လို့ ပွင့်လင်းမြင်သာမှု မရှိသေးတာတွေလည်း ရှိနေပါသေးတယ်။ ခင်မင်ရာ သား/သမီးကို လက်တို့အသိပေးပြီး နေ့ချင်းညချင်း လျှောက်လွှာတင် စစ်ဆေးခန့်ထားခြင်းမျိုး ဆောင်ရွက်တာတွေဟာ တချို့နေရာမှာ ရှိနေပါသေးတယ်။ ဒါဟာ လူငယ်တို့ရဲ့ အလုပ်အကိုင်အခွင့်အရေးကို နစ်နာဆုံးရှုံးစေတာ ဖြစ်ပါတယ်။ ယှဉ်ပြိုင်ခွင့်တောင် မရလိုက်ရတဲ့ သဘောဖြစ်ပါတယ်။ ငွေကြေးမျက်နှာနှင့် အလုပ်ခန့်ထားခြင်းမျိုးကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်ရေးဆောင်ရွက်ဖို့ လူငယ်များက ယနေ့ တောင်းဆိုနေကြတာ ဖြစ်ပါတယ်။

အစိုးရဌာနတွေမှာ အလုပ်နေရာ လစ်လပ်ရင် ဒေသခံလူငယ်များထဲကပဲ သင့်တော်သူကို ဦးစားပေး ခန့်ထားပေးခြင်းမျိုးလည်း ဆောင်ရွက်သင့်ပါတယ်။ အလုပ်အကိုင် ရှားပါးမှုဟာ လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်တွေ တိုင်းပြည်အကျိုးပြုဖို့ အခွင့်အလမ်း နည်းပါးတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ တောင်ပေါ် တိုင်းရင်းသားဒေသတွေမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းတွေ နည်းပါးတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ နည်းပါးပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်တဲ့ ကွန်ယက်အဖွဲ့အစည်းတွေလည်း မရှိတဲ့အတွက် လူငယ်များဟာ အလုပ်အကိုင် ရရှိရေးမှာ ကံကြမ္မာကိုသာ အားကိုးနေရသလို ဖြစ်နေပါတယ်။ တိုင်းပြည်ရဲ့ သဘာဝအရင်းအမြစ်တွေပေါ် အခြေခံ

ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ပေါက်စေနိုင်တဲ့ စီမံကိန်းမျိုးကို နိုင်ငံတော်က ချမှတ်ဖို့ လိုအပ်ပါတယ်။

ချင်းတောင်လို တောတောင်စိမ့်စမ်းရေတံခွန်ပေါများတဲ့ နေရာတွေမှာ ခရီးသွားလုပ်ငန်းနှင့် လူငယ်တွေ အသက်မွေးဝမ်းကျောင်းပြုနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ မြစ်ချောင်း အင်းအိုင် သဘာဝတောတောင်များကို ပြည်တွင်း/ပြည်ပပညာရှင်များ အကူအညီနဲ့ ခရီးသွားလုပ်ငန်း နယ်မြေအသစ်တွေ ရှာဖွေဖော်ထုတ်ပေးဖို့ အရေးကြီးပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်တွေကို ကျန်းမာ သန်စွမ်းပြီး တောင့်တင်းခိုင်မာတဲ့ လူငယ်များ ပေါ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာ ကိုလည်း ပြည်သူလူထုက အသိအမှတ် ပြုပါတယ်။ အထူးသဖြင့် အားကစားတက္ကသိုလ်ကြီး ပေါ်ပေါက် လာတော့မှာ ဖြစ်တဲ့အတွက် လူငယ်ထုတစ်ရပ်လုံးက ဝမ်းမြောက်ကြိုဆိုနေကြပါတယ်။ အားကစား တက္ကသိုလ်ကြီးဆီကို တက်ရောက်ပညာသင် ဆည်းပူးနိုင်ဖို့အတွက် အခြေခံအဆင့် ကျောင်းတွေမှာ အားကစားကဏ္ဍကို မြှင့်တင်ရမှာ ဖြစ်ပါတယ်။ ကျောင်းတွေမှာ အားကစားကွင်း ရှိရပါမယ်။ အားကစား ပစ္စည်းတွေရှိရပါတယ်။ ကစားချိန်ကိုရအောင်ဖန်တီးပေးရပါမယ်။ ထိုက်သင့်တဲ့ရန်ပုံငွေလည်း ခွဲဝေပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်တွေရဲ့ ကျန်းမာသန်စွမ်းမှုကို ခြစားတိုက်ဖျက်နေတာကတော့ မူးယစ်ဆေးဝါးပဲ ဖြစ်ပါတယ်။ ခေတ်အခြေအနေအရ မူးယစ်ဆေးဝါးများလွယ်ကူစွာ ရရှိနိုင်မှု၊ လွယ်ကူစွာ သုံးစွဲနိုင်မှုတွေဟာ လူငယ်များကို ခြိမ်းခြောက်နေခြင်း ဖြစ်ပါတယ်။ အရပ်တကာ လမ်းဘေး ဝဲ၊ ယာမှာ အရက်၊ ဘီယာဆိုင် စည်ကားပြီး ကြော်ငြာဆိုင်းဘုတ်များနှင့် အထပ်ထပ်ရှိနေခြင်းတွေဟာ လူငယ်တို့ရဲ့ ဘဝအနာဂတ်ကို အချိန်တိုင်းခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ယစ်မျိုး ယမကာများကိုလည်း ဥပဒေနဲ့ တင်းတင်းကျပ်ကျပ် ပိုမိုထိန်းချုပ်ဖို့ လိုအပ်ပါတယ်။ အခွန်တိုးမြှင့် ထိန်းချုပ်သင့်ပါတယ်။ ကွမ်း ပေါင်း၊ ခိုင်နီး၊ စိတ်ကြွဆေးပြားများ၊ 92 ဆေးပြားများ၊ ရာမ စသည်တို့ကို ဥပဒေဖြင့် ကန့်သတ်သင့် ပါတယ်။ (၁၈)နှစ်အောက်လူငယ်များကို အရက်သေစာရောင်းချပေးသူများကိုလည်း ထိထိရောက်ရောက် အရေးယူပေးသင့်ပါတယ်။ ကောလိပ်၊ တက္ကသိုလ်ကျောင်းပရဝုဏ် အနီးအနားမှာ အရက်ဘီယာဆိုင် ဖွင့်လှစ်ရောင်းချခြင်းမျိုး လုံးဝတားမြစ်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်သွင်းသွားတဲ့အဆိုက အဓိကအချက် ဟာ လူငယ်ဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်ရေးနှင့် လူငယ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ထိရောက်စွာ လုပ်ကိုင်သွားရေးတို့ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်ရဲ့ဒေသအသီးသီးမှာ တရားဝင်သည်ဖြစ်စေ၊ တရား မဝင်သည်ဖြစ်စေ လူငယ်အဖွဲ့အစည်းတွေ ဖွဲ့စည်းရပ်တည်လှုပ်ရှားတာတွေ အများအပြားတွေ့ရပါတယ်။ လူငယ် Forum တွေ ကျင်းပပြီး သဘောထားထုတ်ပြန်တာတွေလည်း ရှိနေပါတယ်။ လူမျိုးစုအလိုက်၊ မြို့နယ်အလိုက် စသည်ဖြင့် လှုပ်ရှားမှုတွေ ရှိနေခြင်းဟာ လူငယ်များရဲ့ နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် အကျိုးပြုလုပ်ငန်းတွေ လုပ်ဆောင်လိုပါတယ်ဆိုတဲ့ တောင်းဆိုသံတွေ ဖြစ်တယ်လို့ ခံယူပေးဖို့လိုအပ် ပါတယ်။ ဥပဒေနဲ့ညီညွတ်နိုင်ဖို့အတွက် ဆောင်ရွက်ပေးသင့်ပါတယ်။ ကြီးမားတဲ့ လူငယ်အင်အားစုကြီးကို တိုင်းပြည်ရဲ့ ကုန်ထုတ်စွမ်းအားအဖြစ် အသုံးပြုနိုင်ဖို့အတွက် ကြိုးပမ်းသင့်ပါတယ်။ စနစ်တကျပြုစု ပျိုးထောင်ပေးမှု၊ လမ်းညွှန်တည့်မတ်ပေးမှု ဆောင်ရွက်ပေးဖို့တာဝန်ဟာ နိုင်ငံတော်ရဲ့ အမျိုးသားတာဝန်

တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးမြင့်တဲ့ လူငယ်ပေါ်ထွန်းစေဖို့ လူငယ်အချင်းချင်းလက်တွဲ ခေါ်ဆောင်နိုင်ဖို့ လူငယ်ခေါင်းဆောင်မှု သင်တန်းကျောင်းများ ဖွင့်လှစ်ပေးဖို့ ဧကန်အမှန် လိုအပ်နေပြီလို့ ကျွန်တော် သုံးသပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်မြတ်သန့်ရှင်းတဲ့ လူငယ်တွေရဲ့ အတွေးအခေါ်တွေကို နိုင်ငံအကျိုးပြု လုပ်ငန်းတွေအတွက် အသုံးချရမယ့်အစား အရောင်အမျိုးမျိုးရဲ့ သွေးဆောင်မှုနောက်မှာ ကိုင်တိုင်ဆန္ဒ မပါပဲ နားယောင်လိုက်ပါသွားတဲ့ လူငယ်တွေအဖို့ စိုးရိမ်မကင်း ဖြစ်နေရပါတယ်။ ရှုပ်ထွေးပွေလီတဲ့ အမျိုးသားအချင်းချင်း ဆန့်ကျင်ရေး၊ တော်လှန်ရေးသဘောဆောင်တဲ့ နိုင်ငံရေးလှုပ်ရှားမှု လှိုင်းဘောင် ဘင်တွေ ကြားမှာ မျှောဖောင်ဖွဲ့မယ့်အရေးကိုလည်း စိုးရိမ်ရပါတယ်။ နိုင်ငံရေးမှာ အမျိုးသားနိုင်ငံရေးနှင့် ပါတီနိုင်ငံရေး ရှိကြောင်းကိုလည်း အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ ဒီလိုဆိုရင် လူငယ်တွေကို ပြုစု ပျိုးထောင်ရာမှာမှန်ကန်သော နိုင်ငံရေးလမ်းကြောင်းကိုရွေးချယ်နိုင်ဖို့၊ ဆုံးဖြတ်နိုင်ဖို့၊ လေ့ကျင့်ပျိုးထောင် ပေးတဲ့ နိုင်ငံရေးသင်တန်းကျောင်းတက္ကသိုလ်၊ ကောလိပ်တို့ လိုအပ်လာပါတယ်။

ဒီလိုဆောင်ရွက်မှသာ အမျိုးသားရေးကို ဦးထိပ်ထားတဲ့ လူငယ်များ ပေါ်ထွန်းလာမှာဖြစ် ပါတယ်။ နိုင်ငံရေးပါတီများအနေနှင့် မိမိပါတီအနိုင်ရရှိရေးကိုပဲ ဦးတည်ပြီးတော့ လူငယ်များကို အသုံးချ ခုတုံး လုပ်မယ်ဆိုရင် လူငယ်များရဲ့ အပြစ်ကင်းတဲ့ ဦးနှောက်ကို ဖောက်စားဖျက်ဆီးရာ ရောက်ပါတယ်။ လူငယ်များရဲ့ စိတ်ဓာတ်နှင့် အနာဂတ်ဘဝကိုပါ ထိခိုက်ယိုယွင်းစေနိုင်ပါတယ်။ အသက်အရွယ်နုနယ် သေးတဲ့ လူငယ်ဘဝမှာ အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုမျိုးမှာသာ ပါဝင်စေသင့်ပြီးတော့ ပါတီနိုင်ငံရေး လှုပ်ရှားမှုမျိုးမှာ ကိုယ်တိုင်ဝါသနာရှိပါက အတွေ့အကြုံရင့်ကျက်တဲ့ အသက်အရွယ်ရမှသာ ဆောင်ရွက် စေသင့်ပါတယ်။ တစ်မျိုးသားလုံး နှင့်ဆိုင်တဲ့ လူမှုရေးနှင့်ပရဟိတလုပ်ငန်းတွေမှာသာ ပါဝင်လှုပ်ရှားစေဖို့ အားပေးသင့်ပါတယ်။

တကယ့်တော့ လူငယ်ဆိုတာဟာ ခွန်အားပြည့်ဝတယ်။ တက်တက်ကြွကြွနှင့် လုပ်ချင်ကိုင်ချင် စိတ်လည်းရှိတယ်။ ဒါကို နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အသုံးပြုစေသင့်ပါတယ်။ ဒီလို အသုံးပြုနိုင်ဖို့အတွက် ယနေ့နိုင်ငံတော်အစိုးရမှာ အဓိကတာဝန်ရှိပါတယ်။ လူငယ်ထုကို အကြောင်းပြုပြီး မှောက်ပြ ဆန်တောင်းလုပ်တဲ့ လုပ်ရပ်မျိုးမရှိစေဖို့အတွက်လည်း လူငယ့်ဂုဏ်သိက္ခာကို မထိခိုက်ဖို့ အတွက် အကွာအကွယ် ပေးသင့်ပါတယ်။ လူငယ်များကို မြှောက်ထိုးပင့်ခေါ်ရင်း နောက်ဆုံးမှာတော့ စာရိတ္တရော ဘဝပါ ပျက်စီးပြီး အသက်နှင့် ခန္ဓာအိုးစားကွဲရသည်အထိ ခံစားခဲ့ကြတဲ့ လူငယ်အချို့ရဲ့ ဥပမာတွေကိုလည်း သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြည့်စွက်ဆွေးနွေးလိုတာကတော့ လူငယ်တွေထဲမှာ ခန္ဓာကိုယ် ပြည့်စုံသူရှိသလို ချို့တဲ့သူလည်း ရှိပါတယ်။ ဒီနှစ်ခုကိုလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။ မသန်စွမ်းသူများအတွက် မသန်သော်လည်း စွမ်းတယ် ဆိုတာကို ပြသနိုင်ဖို့အတွက် အခွင့်အရေးတွေ ပိုမိုဖန်တီးပေးသင့်ပါတယ်။ မသန်စွမ်းသူများအတွက် သင်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး စိတ်ဓာတ်ခန္ဓာ စွမ်းအားပြည့်ဝအောင် ပြုစုပျိုးထောင် ပံ့ပိုးပေးဖို့ အလေးထား ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် တိုင်းပြည်ရဲ့ကောင်းသော အနာဂတ်နိမိတ်ကို မြင်တွေ့ သိရှိနိုင်ဖို့အတွက်ဆိုရင် ယနေ့လူငယ်များကို စုစည်းဖွဲ့စည်းခွင့်နှင့်အတူ ပြုစုပျိုးထောင်ပေးနိုင်ရေး

အတွက် လိုအပ်သောအဖွဲ့အစည်းများ ဖွဲ့စည်းပြီး လူငယ်အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေလိုတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးခင်မောင်ရီ ရဲ့ အဆိုအတိုင်းဆောင်ရွက်သင့်ပါကြောင်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို မျှော်ကိုးလျှက် ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်အေးထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆရာကြီး ဦးခင်မောင်ရီ ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလိုဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်၍ အဆိုတွင် ပါရှိတဲ့ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားပါရန် ဟူသော အဆို ရှိသဖြင့် အဲဒီအဆိုကို ကျွန်တော့်အနေနဲ့ နိုင်ငံရေးရှုထောင့်အနေဖြင့် ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ထက်အရင် ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးများကတော့ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လက်တွေ့ကဏ္ဍတို့မှာ ဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံရေးပိုင်းနဲ့ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ် ဆိုတဲ့အလုပ်နဲ့ပတ်သက်၍ ဆွေးနွေးရမယ်ဆိုရင် ဦးစွာလူငယ်ဆိုတာ ပျိုးပင်ကလေးနဲ့တူပြီး ပျိုးပင်များမှ မျိုးပင်များကောင်းမှ အပင်ကောင်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတိုင်း၊ အစိုးရတိုင်း၊ ပါတီတိုင်းဟာ လူငယ်ကိုတန်းဖိုးထား လေ့ကျင့်ပျိုးထောင်လေ့ ရှိကြပါတယ်။ ယနေ့ လူငယ်ဟာ နောင်ဝယ် လူကြီး ဆိုတဲ့ စကားအရလူငယ်များဟာ နိုင်ငံတော်ကို အကျိုးပြုတည်ဆောက်မည့် အနာဂတ်ကြယ်ပွင့်ကလေးများလည်းဖြစ်ပါတယ်။ လူငယ်များ အရည်အသွေးရှိမှသာ နောင်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရန်လွယ်ကူစွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ထို့အတွက် လူငယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထူးလိုအပ်ပါတယ်။ ဒါကြောင့် လူငယ်များ ဗလ(၅)တန် ရှင်သန်ရေး၊ စီမံခန့်ခွဲရေး အတတ်ပညာတို့ကို တတ်ကျွမ်းကြစေရန်အတွက် လူငယ်များကို စုစည်း စည်းရုံးလေ့ကျင့်ဖို့ အထူးလိုအပ်လျက်ရှိပါတယ်။ ဒါပေမဲ့ လူငယ်များကို စုစည်း စည်းရုံး ပေါင်းစပ်ညှိနှိုင်းဖို့ကိစ္စကတော့ ပေါင်းစပ်ညှိနှိုင်းမှု မရှိရင်တော့ ရေရှည်အခက်အခဲများ ကြုံရမှာ ဖြစ်ပါတယ်။

မြန်မာ့သမိုင်းမှာ ကြည့်မယ်ဆိုရင် လူငယ်စွမ်းရည်မြင့်မားရေးနဲ့ တိုးတက်ရေးအတွက် စည်းရုံး စုစည်း လေ့ကျင့်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှာဆိုရင် ပညာရေးဌာနက ကင်း ထောက်လူငယ်များ ဖွဲ့စည်း၍ ဌာနဆိုင်ရာများနဲ့ ပူးပေါင်းညှိနှိုင်းကာ လူငယ်များ၏ အသိဉာဏ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လေ့ကျင့်ပြသခဲ့တာ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ပါလီမန်ခေတ်မှာ ပါတီစုံဖြစ်၍ နိုင်ငံရေးပါတီများမှ လူငယ်များကို စည်းရုံးသိမ်းသွင်းတဲ့အတွက် စည်းရုံးရေးကွဲပြားမှုများ ရှိတဲ့အတွက် မြို့တွေ၊ နယ်တွေ ရွာတွေများမှာ ကြုံခဲ့တာကို သိရှိခဲ့ရပါတယ်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာပါတီမှ လူငယ်များကို လူထုလူတန်းစား အဖြစ် သတ်မှတ်၍ ပါတီရဲ့ အရန်အင်အားအဖြစ် စည်းရုံး စုစည်းပြီး လူငယ်အစည်းအရုံးများအဆင့်ဆင့်ကို ဗဟိုကော်မတီအထိ ဖွဲ့စည်းဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ထိုလူငယ်ဗဟိုကော်မတီမှာ လမ်းစဉ် ပါတီ၏ဦးဆောင်မှုဖြင့် လူငယ်များအားစည်းရုံးရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများကို လေ့ကျင့်ပျိုးထောင် ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ထိုစဉ်က ဗဟိုကော်မတီမှာ လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် လူငယ်များ၏ အသိဉာဏ်၊ ဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းငယ်များ ဖွဲ့စည်းဆောင်ရွက်တာကိုလည်း သိရှိရပါတယ်။

တပ်မတော်အစိုးရလက်ထက်မှာလည်း လူငယ်များကိုစည်းရုံး၍ စည်းရုံးရေး အဆင့်ဆင့် ဖွဲ့စည်းပြီး လူငယ်များဗလ(၅)တန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ လေ့ကျင့်ပျိုးထောင်ခဲ့တာကို တွေ့ရှိ ရပါတယ်။ တင်ပြပါကိစ္စများမှာလူငယ်ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်ပျိုးထောင်မှုကို ပါလီမန်ခေတ်တွင် ဝန်ကြီးဌာနများနှင့် နိုင်ငံရေးပါတီများက ဆောင်ရွက်ကြသဖြင့် အချင်းချင်း အပြန်အလှန် အခက်အခဲ စိတ်ဝမ်းကွဲပြားမှု ရှိခဲ့တဲ့အတွက် ရေရှည်အခက်အခဲများတွေ့ရှိခဲ့ရပါတယ်။ လမ်းစဉ်ပါတီနဲ့ တပ်မတော် ခေတ်ဖြစ်တဲ့ တစ်ပါတီ၊ တစ်ဖွဲ့တည်းဦးဆောင်တဲ့ခေတ်မှာ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံး ဆောင်ရွက်ရန် အခက်အခဲမရှိဘဲ အဆင်ပြေတာကို တွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံများကို လေ့လာမယ်ဆိုရင်လည်း တချို့နိုင်ငံများမှာ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး၊ တချို့နိုင်ငံများမှာ ကွန်မြူနစ်စနစ်ကို ကျင့်သုံးကြပါတယ်။ တချို့နိုင်ငံများကတော့ ပါတီစုံစနစ်ကို ကျင့်သုံး ကြတာကိုတွေ့ရှိရပါတယ်။ ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်မှာတူသလိုလို ဖြစ်သော်လည်း ဆိုရှယ်လစ်စနစ် မှာတော့ လယ်သမားနဲ့အလုပ်သမားကို အခြေခံပါတယ်။ လူငယ်ကို လူထုလူတန်းစားအဖြစ် သတ်မှတ် ကြပါတယ်။ ကွန်မြူနစ်စနစ်မှာတော့ အလုပ်သမားကိုပဲ အခြေခံပါတယ်။ လူငယ်ကို လူထုလူတန်းစား အဖြစ် သတ်မှတ်ကြပါတယ်။ ထိုစနစ်(၂)ရပ်မှာ တစ်ပါတီစနစ်ကိုပဲ ကျင့်သုံးကြပြီး လူငယ်များကို လူထု လူတန်းစားတစ်ရပ်အဖြစ် သတ်မှတ်ကြတာခြင်း တူညီကြပါတယ်။ ဒါကြောင့် တစ်ပါတီ ဦးဆောင်တဲ့ စနစ်မှာ လူငယ်များကို စည်းရုံးလေ့ကျင့်ရာ၌ လွယ်ကူမှုရှိခဲ့ပါတယ်။

အဆိုရှင်မှာ လူငယ်ရေးရာအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများတွင် ပြည်ထောင်စု အဆင့် လူငယ်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန ဖွဲ့စည်းပြီး လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြတဲ့ သဘောကိုတင်ပြထားပါတယ်။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံ များမှာ တစ်ပါတီစနစ်နဲ့ ပါတီစုံစနစ် ကျင့်သုံးရာ၌ လူငယ်ဖွံ့ဖြိုးရေးအတွက် ကော်မတီ၊ ကော်မရှင်၊ ဝန်ကြီးဌာနအနေနဲ့ သီးသန့်ဖွဲ့စည်းပြီး ဘယ်လိုအနေအထားမျိုးဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဒီနေ့ မြန်မာနိုင်ငံမှာဆိုရင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး၊ လူငယ်ဖွံ့ဖြိုးရေးကိစ္စရပ်များကို နိုင်ငံတော်အစိုးရမှ အလျဉ်းသင့်သည့် ဝန်ကြီးဌာနများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ နယ်စပ်ရေးရာ၊ အားကစားဝန်ကြီးဌာနတို့မှ ဆောင်ရွက်နေကြသလို နိုင်ငံရေးပါတီများမှလည်း လူငယ်များကို အရန်အင်အားစုအဖြစ် လေ့ကျင့်ပျိုးထောင် စုစည်းလျက်ရှိပါတယ်။ ဒါကြောင့်လူငယ်များမှာ အရောင်အသွေးများမတူညီကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ အကယ်၍ မြန်မာနိုင်ငံမှာ လူငယ်ဖွံ့ဖြိုးရေးအတွက် လူငယ်များကိုလေ့ကျင့်ပျိုးထောင်ရန် ကော်မတီ၊ ကော်မရှင် သို့မဟုတ် ဝန်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက လူငယ်များကို စုစည်းကြတဲ့နေရာမှာ အရောင်အသွေး မတူညီတဲ့ လူငယ်များ ရောထွေးပါလာမည်ဖြစ်သဖြင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ကော်မရှင်၊ ကော်မတီ သို့မဟုတ် ဝန်ကြီးဌာနများအနေဖြင့်လည်း လူငယ်များကိုစုစည်းရန် နိုင်ငံရေး အယူအဆများ ရှုပ်ထွေးလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ထို့ကြောင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရမှ ကော်မရှင်၊ ကော်မတီ သို့မဟုတ် ဝန်ကြီးဌာန တစ်ခုအနေဖြင့် သီးခြားဖွဲ့စည်း ဆောင်ရွက်ရန် အခက်အခဲရှိမည် ဖြစ်ပါတယ်။

သို့သော်လည်းပဲ အထက်တင်ပြပါ အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်တဲ့ လူငယ်များကို စည်းရုံးမှုရှိတဲ့ပါတီများ၊ တခြားအဖွဲ့အစည်းများဖြင့် လုပ်ငန်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်ပါတယ်။ ထိုသို့လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်နိုင်သည်နှင့်အမျှ လူငယ်များ ဗလ(၅)တန်ရှင်သန်ပြီး နောင်အနာဂတ် နိုင်ငံတော်ကိုပုခုံးပြောင်းတာဝန်ထမ်းဆောင်နိုင်မည် ဖြစ်ပါတယ်။

ထို့ကြောင့် အဆိုရှင် ဆရာကြီး ဦးခင်မောင်ရီ ရဲ့ အဆိုအား ထောက်ခံကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီးတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရီ ရဲ့ အဆိုကို ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပဏာမပြောကြားလိုပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်မှာ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာ ကော်မရှင်၊ ကော်မတီနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီး ဖွဲ့စည်းထားမှု မရှိသေးသော်လည်း လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများကို ဝန်ကြီးဌာန အချင်းချင်း၊ အဖွဲ့အစည်း အချင်းချင်း၊ ဝန်ကြီးဌာနများနဲ့ အစိုးရမဟုတ်တဲ့ အရပ်ဘက်အဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံအချို့နှင့် အပြန်အလှန် ပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ်ဝန်ဆောင်ကနေစပြီး လူငယ်များ အပါအဝင် သက်ကြီးရွယ်အိုများရဲ့ အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့နိုင်ငံရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိတဲ့ ကဏ္ဍများ၊ နယ်ပယ်များအတွက် လိုအပ်ချက်များကို မူတည်ပြီး သက်ဆိုင်ရာ နယ်ပယ်တိုင်းမှာ ကျွမ်းကျင်တဲ့ နိုင်ငံများမှ အကူအညီ ရယူဆောင်ရွက်ချက်များလည်း ပြုလုပ်လျက်ရှိပါတယ်။ ပြည်ထောင်စုအစိုးရဟာ ထုတ်လုပ်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်၊ သတ္တုနဲ့ တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ဆောက်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍတို့၌ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများကိုလည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်အတွင်းမှာ နိုင်ငံခြားတိုင်းပြည်အသီးသီးသို့ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းများသို့ ပညာသင် (၁၁၉)ဦးနဲ့ ကျွမ်းကျင်လုပ်ငန်းသင်တန်းများသို့ ပညာသင်(၁၃၂၈)ဦး၊ စုစုပေါင်း (၁၄၄၇)ဦး စေလွှတ်နိုင်ခဲ့ပါတယ်။

အလားတူပဲ ၂၀၁၂ ခုနှစ်မှာလည်းပဲ ပညာတော်သင် (၁၇၂၂)ဦး စေလွှတ်ပြီး ၂၀၁၃ ခုနှစ်မှာ (၂၆၂၉)ဦး၊ စုစုပေါင်း (၅၇၉၈)ဦး စေလွှတ်ပေးခဲ့ပါတယ်။ မိမိတို့ တက္ကသိုလ်များအနေဖြင့်လည်း ပြည်ပတက္ကသိုလ်များနဲ့ ချိတ်ဆက်ပြီး ဆရာ/ဆရာမ၊ ကျောင်းသူ/ကျောင်းသားများ အပြန်အလှန်ပညာဖလှယ်မှု ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းကုမ္ပဏီများကလည်း ပြည်ပစီးပွားရေး အဖွဲ့အစည်း ကုမ္ပဏီများနဲ့ အပြန်အလှန်ချိတ်ဆက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အချို့ ပြည်ပနိုင်ငံများမှာလည်း လူငယ်ရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနတစ်ခုတည်းရဲ့ ကွပ်ကဲမှုအောက်မှာထားရှိ ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ ဥပမာ ဂျပန်နိုင်ငံကို ကြည့်မယ်ဆိုရင် ပညာရေး၊ သိပ္ပံနည်းပညာ၊ လူငယ်ယဉ်ကျေးမှုနဲ့ အားကစားဝန်ကြီးဌာန ဟု ဝန်ကြီးဌာနတစ်ခုတည်း အဖြစ်သာ ထူထောင်ထားရှိတာကို တွေ့ရပါတယ်။ ယင်းသို့ ဝန်ကြီးဌာနတစ်ခုတည်းရဲ့ ကွပ်ကဲမှုအောက်မှာ ထားရှိခြင်းကြောင့် ပညာရေး၊ အားကစား၊ လူငယ်ကဏ္ဍစတဲ့ လူငယ်ဆိုင်ရာမူဝါဒများ အစီအမံများဟာ အချိတ်အဆက်မိမိနဲ့ ပိုမိုထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဝန်ကြီးဌာနများစွာ ခွဲခြားထူထောင်ခြင်းဖြင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်းကို ဖြစ်စေနိုင်ပြီး၊ ဘတ်ဂျက်လည်း ဝန်ထုတ်ဝန်ပိုး မြင့်တက်လာနိုင်ပါတယ်။ Public Management/ Administrative Theory များအရနှင့် နိုင်ငံတကာ Practice အရ ထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာ့အားကစားသမားများရဲ့ အောင်မြင်မှုများကိုသုံးသပ်မယ်ဆိုရင် အဓိကတာဝန်ယူရတဲ့ အားကစားဝန်ကြီးဌာန အနေနဲ့ ပြည်ထောင်စုဝန်ကြီးမှစပြီး အဆင့်ဆင့်သော ဝန်ထမ်းများရဲ့မနားမနေ ကြီးကြပ်ကွပ်ကဲမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အားတက်သရောကူညီပံ့ပိုးမှု၊ ကြိုတင်ပြင်ဆင်မှု၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အားပေးချီးမြှောက်မှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အားကစားသမားများ စိတ်ဓာတ်ကောင်းမွန်မှု၊ လေ့ကျင့်ရည်ပြည့်ဝမှု၊ ပါဝင်ယှဉ်ပြိုင်ကြတဲ့ အားကစားသမားတိုင်းက ရေကုန်ရေခမ်း ကြိုးစားယှဉ်ပြိုင်မှုကြောင့် အောင်မြင်မှုရခဲ့သော်လည်း တစ်ဖက်မှာ ကြီးကြပ်မှုအားနည်းခြင်း၊ လူရွေးချယ်ရာတွင် အသေးစိတ် သတင်းရယူမှုအားနည်းခြင်း၊ လေ့ကျင့်ရည်ပြည့်ဝအောင်ဆောင်ရွက်မှုအားနည်းခြင်း၊ လူမှုရေးပိုင်းနှင့် တာဝန်ပိုင်းကို ခွဲခွဲခြားခြား ဆောင်ရွက်မှုအားနည်းခြင်း၊

အားကစားသမားများရဲ့ပင်ကို ကိုယ်ကာယ၊ ခွန်အားဗလနဲ့ စိတ်ဓာတ်အားနည်းခြင်း၊ တစ်ပွဲထိုးစိတ်ဓာတ်ဖြင့်အနိုင်ယူနိုင်မည်ဟု တစ်ဖက်ပြိုင်ဘက်အားအထင်သေးခြင်း၊ အချိန်နီးကပ်မှ အပြင်းအထန် လေ့ကျင့်ခြင်း၊ အသေးစိတ်စီမံမှုအားနည်း၍ အချိတ်အဆက်မမိခြင်း၊ ကြီးကြပ်သူအချို့နှင့် အားကစားသမားအချို့၏ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ တာဝန်ခွဲဝေမှုအားနည်းခြင်းနှင့် တာဝန်ခွဲဝေပေးခံရတဲ့အဖွဲ့များအပေါ် ကြီးကြပ်မှုအားနည်းခြင်း စသည့်အားနည်းချက်များကြောင့် လက်တွေ့ပြိုင်ပွဲဝင်ရာမှာအဆင်ပြေအောင် ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ရခြင်းများရှိသလို ရှုံးနိမ့်မှုများနဲ့ ရင်ဆိုင်ခဲ့ရကြောင်း သုံးသပ်ရရှိပါတယ်။

ဝန်ကြီးဌာန အသီးသီးမှလည်းပဲ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ဆောင်ရွက်လျက်ရှိပါတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုများနဲ့ ရှုံးနိမ့်မှုများအပေါ် ဆက်စပ်သုံးသပ်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ခွဲဝေမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ ထောက်ပံ့ချီးမြှင့်မှု၊ အရည်အသွေးစစ်ဆေးရာမှာ တိတိကျကျဆောင်ရွက်မှု၊ လေ့ကျင့်ရည် ပြည့်ဝမှု၊ တစ်ဦးချင်းရဲ့ စိတ်ဓာတ်ကောင်းမွန်မှုနဲ့ စွမ်းရည်ကို အမြင့်မားဆုံး ထုတ်နုတ်သုံးစွဲနိုင်အောင် ဆောင်ရွက်မှု၊ ပြည်သူလူထုတစ်ရပ်လုံး၏ ပါဝင်ဆောင်ရွက်မှု၊ အားတက်သရော အားပေးချီးမြောက်မှု၊ နည်းပညာလွှဲပြောင်းရယူမှုနဲ့ ဘဏ္ဍာငွေ သုံးစွဲနိုင်မှုအပေါ်မှာ မူတည်နေကြောင်း တွေ့ရှိရပါတယ်။

လက်ရှိမှာ ကျွန်တော်တို့ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသအစိုးရအဖွဲ့ အသီးသီးကနေ ပုံမှန်သင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများ စသည်တို့ကို ဖွင့်လှစ်ပြီးတော့ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် မသန်စွမ်းသူများ အပါအဝင် ထူးချွန်တဲ့လူငယ်များကို ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှာလည်း ဝန်ထမ်းအဖြစ် နေရာပေးခန့်အပ်ပြီးတော့ ၎င်းတို့ရဲ့ ထူးချွန်မှုအလိုက် ဆက်လက်သင်ယူ လေ့ကျင့်ဆောင်ရွက်စေလျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ လူငယ်များ ဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဖွဲ့ပြီးတော့ UN အဖွဲ့များ၊ ပြည်တွင်း/ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အခြားသော လူငယ်အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီးတော့ လူ့ငယ်ရေးရာ မူဝါဒများကို ရေးဆွဲလျက် ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနမှ လူ့ငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူငယ်များ၏ ကောင်းမွန်သော အနာဂတ်အတွက် ကင်းထောက်လူငယ်များဖွဲ့စည်းပြီးတော့ လှုပ်ရှားဆောင်ရွက်စေခြင်း၊ ဘက်စုံထူးချွန်တဲ့ ကျောင်းသူ/ကျောင်းသားများအား ချီးမြှင့်ခြင်း၊ ၎င်းတို့အား တွေ့ဆုံပြီးတော့ နှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ ရပ်ကွက်ကျေးရွာအဆင့်အထိ ကြက်ခြေနီအသင်းများ ဖွဲ့စည်းပြီးတော့ သင်တန်းပေး လှုပ်ရှားဆောင်ရွက်ခြင်း၊ နောက် ပြင်ပမှာလည်း သာရေးနာရေးအသင်းများ၊ အားကစားအသင်းများ ဖွဲ့စည်းစေခြင်း၊ အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပြီးတော့ လေ့ကျင့်ပေးခြင်း၊ စက်ရုံအလုပ်ရုံများမှာလည်း လုပ်ငန်းခွင်များမှာလည်း လုပ်ငန်းအလိုက် လူငယ်များကို ဖွဲ့စည်းလှုပ်ရှားစေခြင်း၊ ရပ်ကွက်ကျေးရွာအဆင့်အထိ စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ဂျပန်၊ ကိုရီးယားနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန် လူငယ်များစေလွှတ်ပြီး လေ့လာမှုပြုလုပ်စေခြင်း၊ NGO, INGO အဖွဲ့များနဲ့

လူငယ်များ ပါဝင်ဆောင်ရွက်နေခြင်း၊ လူငယ်ကွန်ရက်များ၊ ပါတီများ တည်ထောင်ခွင့်ပြုခြင်း ဖွဲ့စည်း ဆောင်ရွက်နေပြီး ရှိပါတယ်။ လူငယ်များအနေဖြင့် ဗဟုသုတရရှိအောင် သတင်းများ ရယူပြီးတော့ ကိုယ်တိုင် ပါဝင်ဆောင်ရွက်လာရန် လွှတ်တော်ကိုယ်စားလှယ်များအနေကလည်း စည်းရုံးပေးဖို့ လိုပါတယ်။

ဒါ့ကြောင့် လူငယ်ဆိုင်ရာကော်မရှင်၊ ကော်မတီဖွဲ့ရန် အထူးမလိုအပ်သလို လူငယ်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနကိုလည်း ဝန်ကြီးဌာနတစ်ခုအနေဖြင့် သီးသန့်ထူထောင်ထားရှိပါက လုပ်ငန်းဆောင်ရွက်ချက် များဟာ အခြားဝန်ကြီးဌာနများနဲ့ Overlapping ဖြစ်ပြီးတော့ မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုများ ရှိလာ နိုင်ပါ၍ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း ဝန်ကြီးဌာနတစ်ခုကို သီးသန့်ဖွဲ့စည်းရန် မလိုအပ်ပါသေးကြောင်းနှင့် အဆိုကို ရုပ်သိမ်းပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးခင်မောင်ရီ က မိမိရဲ့ အဆိုနဲ့ပတ်သက်လို့ မည်ကဲ့သို့ဆက်လက် ဆောင်ရွက်ပေးစေလိုသည်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဖြေဆိုသွားတဲ့ အဖြေတွေနဲ့ပတ်သက်လို့ အားလုံးကြားပြီး ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ အဆိုနဲ့ဆီလျော်မှု ဆက်စပ်မှုရှိတယ်၊ မရှိဘူးဆိုတာလည်း ဆုံးဖြတ်လို့ ရမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒါနဲ့ပတ်သက်လို့ အတိုချုပ် ကျွန်တော်အချက်ကလေး(၆)ချက်ပဲ ပြောပါ့မယ် ခင်ဗျား။ (၁)က မြန်မာနိုင်ငံမှာ လမ်းစဉ်ပါတီခေတ်က ရှိခဲ့တဲ့ ပညာရေးအောက်မှာ တွဲထားဖူးတဲ့ လူငယ် ရေးရာဌာန ဆိုတာလေးတစ်ခု ရှိခဲ့တာကလွဲရင် သမိုင်းအတွင်းမှာ လူငယ်နဲ့ပတ်သက်တဲ့ဌာန မရှိခဲ့ပါဘူး။ အာဆီယံဌာနတွေ၊ နိုင်ငံတွေမှာရှိတယ်။ စောစောက ဝန်ကြီးကိုယ်တိုင်လည်း ပြောသွားတယ်။ ဂျပန်မှာ ဂျပန်ကတော့ ဝန်ကြီးချုပ်ရုံးအောက်မှာ ရှိပါတယ်။ (Cabinet) ကော်မတီ ရှိပါတယ်။ လူငယ်နဲ့ ပတ်သက်တဲ့ ကျွန်တော်တော့ အာဆီယံနိုင်ငံအားလုံးနဲ့ အခြားနိုင်ငံဆို PRC ရယ်၊ ဂျပန်နိုင်ငံရယ်၊ နော်ဝေ ရောက်ခဲ့ ပါတယ်။ အကုန်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူငယ်နဲ့ပတ်သက်တဲ့ (Issue)လေးတွေ ရှိနေတယ်။ လေလွင့် လူငယ်၊ မူးယစ်ဆေးဝါး၊ လူကုန်ကူး၊ အလုပ်လက်မဲ့ စသည်ဖြင့် ဒါလေးတွေ ရှိနေတယ်။ ဒါကြောင့် လူငယ် အင်အားဟာ သန်း(၂၀)ရှိတယ်ဆိုတာ ကျွန်တော် သွားမြင်တယ်။ ဒါကြောင့် ကျွန်တော် ဒါလေးကို တင်တာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဝန်ကြီးဌာန(၇)ခု၊ (၈)ခုကလုပ်နေတယ်ဆိုတာ၊ ကျွန်တော့်အဆိုတုန်းက တင်ပြ ပြီးဖြစ်ပါတယ်။ ဒါကြောင့် (Co-ordination) တစ်ခုလိုတယ်လို့ ကျွန်တော်က သုံးသပ်သွားတာဖြစ် ပါတယ်။ ဝန်ကြီး ဆွေးနွေးချက်ထဲမှာ (၂)ချက်ပါသွားပါတယ်။ ဗဟိုဖွဲ့စည်းမှု မရှိသေးသော်လည်း ဆိုတဲ့ တစ်ချက်ပါသွားသလိုပဲ၊ ဝန်ကြီးဌာနတစ်ခုထဲက စုစည်းပြီးတော့ ဂျပန်မှာလုပ်နေတယ် ဆိုတာလေးလည်း တစ်ချက်သွားပြီးတော့တွေ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဒါနဲ့ပတ်သက်လို့ အထူးအထွေ ပြော စရာမရှိပါဘူး။ အခု နိုင်ငံရေးပါတီတွေလည်း လုပ်နေတယ်ဆိုတာ အကုန်လုံး လုပ်တာပေါ့၊ INGO တွေ လုပ်နေတယ်ဆိုတာ လိုလို့လုပ်တာပေါ့၊ လူငယ်နဲ့ ပတ်သက်တာ လိုပါတယ်လို့ တင်ပြခြင်း ဖြစ်ပါတယ်။

ရှုပ်သိမ်းဖို့နဲ့ ပတ်သက်လို့ရှိရင်တော့ ကျွန်တော့်လူငယ်တွေက ဒီအဆို တင်တဲ့အချိန်မှာ ကျွန်တော့်ဆီကို Message တွေ ပို့တာတွေ၊ စာတွေ ရေးတာတွေ၊ လာတွေ့တာတွေ ရှိပါတယ်။ အန်တီဝိုင်း လည်း ကျွန်တော့်ဆီကို လမ်းညွှန်ဖို့ ရောက်လာတာတွေ ရှိပါတယ်။ လူငယ်တွေက ဒီအဖြေကို တော်တော်လေး တောင်းတမျှော်လင့်နေကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ကျွန်တော့်အနေနဲ့ တင်ပြီးသားအဆိုကို မရုပ်သိမ်းတော့ပါဘူး။ လွှတ်တော်ကိုယ်တိုင်ကိုပဲ ရုပ်သိမ်းသင့်တယ်ဆိုရင် ကျွန်တော် လက်ခံပါတယ်။ ဒါကြောင့် လူငယ်တွေရဲ့ အားကိုးတကြီးက လွှတ်တော်ပဲ ရှိတဲ့အတွက်ကြောင့် လွှတ်တော် ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူရန်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စု အဆင့်လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီး ဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်း ဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၈၈)၊ ကန့်ကွက်(၁၄)၊ ကြားနေ(၆၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမနေ့ အစည်းအဝေး ရုပ်နားကြောင်းနှင့် အဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရုပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]